# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၁)ရက် ၊ အင်္ဂါနေ့ ၊ (19-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။


**စာမျက်နှာ ၁၆ ကော်လံ ၁**





ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အားကစားဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ဩဂုတ် ၁၆ ရက်က ဗီယက်နမ်နိုင်ငံ၌ကျင်းပသော ၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအုပ်စု (ခ)တွင် အုပ်စုဝင်များအဖြစ် ဩစတြေးလျ၊ တီမောလက်စတေ၊ ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲနိုင် တစ်ပွဲသရေ ရလဒ်ဖြင့် အုပ်စုပထမနေရာ ရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ထိုင်းအမျိုးသမီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ခဲ့ပေသည်။

ထိုသို့နိုင်ငံနှင့် လူမျိုးဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့ကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမေရိကန်ဒေါ်လာ ၃၀၀၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

**"ပွဲစဉ်တွေအားလုံး ရှုံးပွဲမရှိ ကစားနိုင်ပြီး ဗိုလ်လုပွဲကို ထိုက်တန်စွာရောက်ရှိခဲ့လို့ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသားအားလုံးအတွက် ဂုဏ်ယူမိပါတယ်။ စည်းလုံးညီညွတ်မှုအပြည့်နဲ့ ကြိုးစားခဲ့ကြလို့ အားရကျေနပ်မိပါတယ်။ ဗိုလ်လုပွဲစဉ်မှာ နိုင်ပွဲအတွက် ရေကုန်ရေခန်းအစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြဖို့ တိုက်တွန်းပါတယ်။ ချန်ပီယံဆုရရှိတာနဲ့ နိုင်ငံတော်ကလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်မှာ ဗိုလ်လုပွဲအတွက် စနစ်တကျအာရုံစိုက် လေ့ကျင့်ပြင်ဆင်ဖို့ မှာကြားလိုပါတယ်"**ဟု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏တိုက်တွန်းအားပေးမှုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phany နော်တောင်က မြန်မာ့အမျိုးသမီးလက်ရွေးစင်အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်း၊ အသင်းတာဝန်ခံ ဒေါ်နွယ်နီဦးနှင့် ကစားသမားများထံ ဆက်သွယ်ပြောကြားခဲ့သည်။

မြန်မာသမိုင်းတွင် အမျိုးသမီးများသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်နိုင်ခဲ့သလို ခေတ်အဆက်ဆက်တွင်လည်း နယ်ပယ်အသီးသီး၌ ထူးချွန်ထက်မြက်ခဲ့သူများ များစွာပေါ်ထွက်လာခဲ့သည်။ ယခုအားကစားကဏ္ဍတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နှစ်စဉ်နှစ်တိုင်း ဆုတံဆိပ်အမျိုးမျိုးရယူနိုင်ခဲ့သည့်အပြင် နိုင်ငံတကာအမျိုးသမီးများနှင့်ယှဉ်၍ နိုင်ငံကို အားကစားဖြင့်မျက်နှာပန်းပွင့်အောင် စွမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူစွာတွေ့မြင်ရသည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတိုင်း၌ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ ငါးကြိမ်တက်ရောက်ခဲ့ရာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဗိုလ်စွဲခဲ့သည်။ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သကဲ့သို့ ယခုလည်း နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးက ဂုဏ်ယူနေကြပေသည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအနေဖြင့် ဩစတြေးလျအမျိုးသမီးအသင်းနှင့် ဩဂုတ် ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကာ ချန်ပီယံဆုဖလားကိုရယူ၍ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်နိုင်သောသူ၊ နိုင်ငံအတွက် စံပြုဂုဏ်ယူဝင့်ကြွားနိုင်သူများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြမည်ဟု ယုံကြည်ရေးသားလိုက်ရပါသည်။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၁၈၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကိုတွေ့ရစဉ်။

**ကလေး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၁၈၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၅၉၅၂ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၈၀၊ မင်းကင်းမြို့နယ်တွင် ၁၁၅၇ ဧက စုစုပေါင်း ၇၁၈၉ ဧကဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ



**ငပုတော ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေမြင့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများ ဩဂုတ်ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများတစ်ရက်လျှင် ပိဿာချိန် ၄၅၀၀မှ ၅၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိ တစ်ပိဿာကို ငွေကျပ် ၂၄၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူတာများနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိရောင်းချတဲ့သူတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေက အရည်အသွေးကောင်းသလို ရောင်းရဝယ်ရတာအဆင်ပြေပါတယ်" ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေမြင့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မြို့ကြီးကုန်းကျေးရွာ၌ အရှည်တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၇၀၉ သန်းအသုံးပြုပြီး ရွှေဘိုဘုရင်ကုမ္ပဏီမှတာဝန်ယူ၍ ဇွန် ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မြို့ကြီးကုန်းကျေးရွာရှိ ကျစ်ကန်ကွင်းမှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေချိုဘူတာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ညောင်ဦးမြို့နယ် တုရွင်းတိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တုရွင်းတိုင်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် ဝန်ထမ်းများက တုရွင်းတိုင်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တုရွင်းတိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၅ သန်းထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၄၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၄၉၈ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မြေပဲ ၁၅၀၂၁ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်မှာ မြေပဲ ၁၅၀၂၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့ထိ ၁၀၄၉၈ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကိုမျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တံတားဦးမြို့နယ် ပန်းယျကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းယျကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း VRFP ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၂၈၂သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပန်းယျကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၈၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးနှု အလုံးရေ ၇၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ ၇၄၀၀၀၀ ထိတင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးနုအလုံးရေ ၅၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အုန်းသီးနုအလုံးရေ ၇၄၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန် တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်းမှာလဲ အုန်းသီးနုတွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးနုတွေ ဝယ်ယူမှုများပြားနေပါတယ်။ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်ပျိုးတဲ့ တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာဖြစ်ပါတယ်။ မအူပင်မြို့နယ်ကထွက်ရှိတဲ့ အုန်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် အုန်းသီးနုများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း မအူပင်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဦးအောင်ဖြိုးနှင့် သာချင်းကဗျာ

ပြေအေးသက်

ဦးအောင်ဖြိုး ကိုယ်တိုင်ရေးစပ်ခဲ့သည့် ဟန်လင်းမြို့ သမိုင်းလင်္ကာနိဂုံးအပိုဒ် ၃၁ တွင် "စည်သူကျော်ထင်၊ ရွှေဘွဲ့ဆင်၍၊ မှုအင်ကုံလုံ၊ တတ်မျိုးစုံလျက်၊ မှူးပုံမတ်လယ်၊ သောက်ရှူးကြယ်သို့၊ နှံ့ကျယ်ပညာ၊ မြိုက်နာဝါဟု၊ ရောင်ဖြာထွန်းလှည့်၊ ဆုတောင်းပြည့်နှင့်၊ ရွှေမှည့်ရောင်ရွှန်း၊ သင်းချောသွန်းသား၊ မော်ကွန်းသညာ၊ ကျောင်းမြတ်စွာ၏၊ တကာမှန်ဘိ၊ မတ်ပဏ္ဍိလျှင်၊ ဇာတိတွက်စစ်၊ မူလဖြစ်၍၊ သနစ်သနာ၊ သိစိတ်ငှာလျှင်၊ လင်္ကာသာညင်း၊ မော်ကွန်းထွင်းသည်၊ ဟန်လင်းရွှေမြို့ သမိုင်းတည်း" ဟူ၍ဖြစ်ရာ ဦးအောင်ဖြိုးသည် ဟန်လင်းဇာတိသားဖြစ်ပြီး စည်သူကျော်ထင်ဘွဲ့ရရှိခဲ့သူဖြစ်သည်။ မွေးသက္ကရာဇ်နှင့် မိဘအမည်တို့မသိရဘဲ အမရပူရကို ပထမနန်းတည်မြို့တည်ခဲ့သည့် ဘိုးတော်ဘုရားလက်ထက်တွင် ပေါ်ထွန်းခဲ့ကြောင်းကို သိရှိရလေသည်။ ဘိုးတော်ဘုရားအိမ်နိမ့်စံစဉ် အဝမှ စစ်ကိုင်းဘက်ကူးသည့် လှေဆိပ်၌ဆုံတွေ့စဉ်တွင် ဦးအောင်ဖြိုးက ဘိုးတော်ဘုရားကို သာချင်းဟောပြော၍ ရရှိငွေဒိုင်ခွက်နှစ်ခွက်အနက် တစ်ခွက်ကို ဆက်သခဲ့သူဖြစ်သည်။ ဘိုးတော်ဘုရား အထွတ်အမြတ်ရောက်စဉ်တွင် ထိုကျေးဇူးကိုမမေ့ဘဲ မှန်နန်းတော်တွင်ထားခဲ့သည်။

နန်းတော်လောကတွင် ကိုယ်အင်္ဂါချို့တဲ့သူများကို နန်းတွင်း၌ မထားသည်သာမက အမှုထမ်းခွင့်လည်း မပြုကြပေ။ ဘိုးတော်ဘုရား သူကောင်းပြုသောအချိန်တွင် ဦးအောင်ဖြိုးမှာ မျက်စိနှစ်လုံးကွယ်နေပြီဖြစ်သည်။ မှူးမတ်များက ဦးအောင်ဖြိုးကို မှန်နန်းတော်တွင်မထားဘဲ နန်းတော်ပြင်ပတွင်ထားရန် ဘိုးတော်ဘုရားထံလျှောက်ထားကြရာ ဘိုးတော်ဘုရားက စကြဝဠာကိုမြင်နိုင်သည့် ပညာမျက်စိကို မမြင်ကြဘူးဟုဆိုကာ ထားမြဲအတိုင်းထားခဲ့သည့်အပြင် စည်သူကျော်ထင်ဘွဲ့ကိုပင် ချီးမြှင့်ခဲ့ပေသည်။ ဦးအောင်ဖြိုးလည်း သာချင်းကဗျာများကို ဆက်လက်ရေးဖွဲ့စပ်ဆိုခဲ့ရာ ရာမသာချင်း၊ ကျုန်စစ်သားကြုတ်ဖွင့်သာချင်း၊ အနော်ရထာ တရုတ်ပြည်မှ စွယ်တော်ပင့်ခန်းသာချင်း၊ နှစ်ကျိပ်ရှစ်ဆူသာချင်း၊ ဗောဓိပင်ကို မာရ်နတ်မင်းလုခန်းသာချင်း၊ မင်းဆက်ရာဇဝင်သာချင်း စသည့်သာချင်းများကို ရေးစပ်ခဲ့ပေသည်။ ဦးအောင်ဖြိုးသည် သာချင်းများအပြင် ဇနကရကန်နှင့် ဟန်လင်းမြို့သမိုင်းလင်္ကာလည်း စပ်ဆိုခဲ့သည်။ သာချင်းကဗျာကိုလည်း ဦးအောင်ဖြိုးက စတင်တီထွင် ရေးစပ်ခဲ့ပေသည်။ ဦးအောင်ဖြိုးနှင့် တစ်ချိန်တည်းလိုပင် မင်းဇေယျရန္တမိတ်ဘွဲ့ခံ တောင်ခွင်မြို့စား ဦးသာအောင်ကလည်း သာချင်းကဗျာများစပ်ဆိုခဲ့သည်။

**သာချင်း**

သာချင်းတွင် သီချင်းသာမန်ဟောနှင့် သီချင်းဝိသေသဟောဟူ၍ နှစ်မျိုးရှိသည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့ကို သာချင်းသည်ဟုခေါ်ဆိုရာ၌ သီချင်းသာမန်ဟောဖြစ်သည်။ သာယာကြည်နူးဖွယ်သော အချင်းကဗျာ စပ်ဆိုသူများဖြစ်ခြင်းကြောင့် သာချင်းသည်ဟု သမုတ်ခံရသည်။ ဤသာချင်းသည်မှ သာချင်းဟူသော ဝေါဟာရသည် သာယာနာပျော်ဖွယ်ကောင်းသော ကဗျာများကို ခြုံ၍ဆိုခြင်းဖြစ်သည်။ ယခုဆိုသော သာချင်းမှာ သီချင်းသာမန်ဟောမဟုတ်ဘဲ သီချင်းဝိသေသဟောဖြစ်သည်။ သာချင်းသည် အကြောင်းအရာသာယာသည်ကိုဆိုလိုရင်းမဟုတ်ဘဲ အသံအနေအထား အရှူအရှိုက် သာယာသည်ကို ဆိုလိုရင်းဖြစ်သည်ဟု ဦးအောင်ဖြိုးက သူ၏ကျုန်စစ်သားကြုတ်ဖွင့်သာချင်းနိဒါန်းတွင် ဖွင့်ဆိုထားသည်။ သာချင်းနှင့် ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြလေသည်။ သာယာစွာ သီဆိုရသော သီချင်းဖြစ်သောကြောင့် သာချင်းခေါ်သည်ဟု ကဝိဘာရတီကျမ်း၌ ဖော်ပြပါရှိသည်။ မြန်မာစာပေသမိုင်းတွင်မူ ရေးအဖြစ်အပျက် အကြောင်းခြင်းရာများကို သာယာချောင်စွာ ဖွဲ့ဆိုထားသောကြောင့် သာချင်းခေါ်သည်ဟု ဖော်ပြထားသည်။

သာချင်းဟူသောအဖွဲ့သည် ဟောစာနှင့် ခပ်ဆင်ဆင်တူသည်။ သာချင်းမပေါ်မီက ဟောစာများပေါ်ပေါက်ပြီးနောက် တဖြည်းဖြည်းဟောစာများကို တစ်မျိုးတစ်မည်ပြောင်းလဲဖွဲ့ဆိုကြကာ သာချင်းဟု အမည်ပေးကြဟန်တူသည်။ သာချင်းစပ်ဆိုရာ၌ များသောအားဖြင့် ဗုဒ္ဓဝင်၊ ရာဇဝင်နှင့်ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များကို ဖွဲ့ဆိုလေ့ရှိကြသည်။ စပ်ဆိုရာတွင် လေးလုံးတစ်ပိုဒ် သို့မဟုတ် ငါးလုံးတစ်ပိုဒ် သို့မဟုတ်ခြောက်လုံးတစ်ပိုဒ်ထား၍ ရေးစပ်နိုင်သည်။ ရကန်စပ်ပုံစပ်နည်းနှင့်လည်း ဆင်တူလေသည်။ ရကန်သည် သာချင်း၏ ရှေ့ပြေးဟုဆိုရပေမည်။ ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင် လင်္ကာ ၁၄ မျိုးနှင့် သီချင်း ၂၂ မျိုးပိုင်းခြားဖော်ပြထားရာ၌ သာချင်းနှင့်ရကန်ကို သီချင်းအမျိုးအစားတွင် ထည့်သွင်းထားသည်ကိုတွေ့ရသည်။ ထို့ပြင် သျှိုးလိုက်ရတုနှင့်လည်း ရကန်နှင့်သာချင်းတို့ အရေးအသားအဖွဲ့အစပ်တူကြလေသည်။

❖သာချင်းသည် အကြောင်းအရာသာယာသည်ကို ဆိုလိုရင်းမဟုတ်ဘဲ အသံအနေအထား အရှူအရှိုက် သာယာသည်ကို ဆိုလိုရင်းဖြစ်သည်ဟု ဦးအောင်ဖြိုးက သူ၏ကျုန်စစ်သားကြုတ်ဖွင့်သာချင်း နိဒါန်းတွင် ဖွင့်ဆိုထားသည်။ သာချင်းနှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြလေသည်။ သာယာစွာသီဆိုရသော သီချင်းဖြစ်သောကြောင့် သာချင်းခေါ်သည်ဟု ကဝိဘာရတီကျမ်း၌ ဖော်ပြပါရှိသည်။ မြန်မာစာပေသမိုင်းတွင်မူ ရေးအဖြစ်အပျက် အကြောင်းခြင်းရာများကို သာယာချောင်စွာ ဖွဲ့ဆိုထားသောကြောင့် သာချင်းခေါ်သည်ဟု ဖော်ပြထားသည်။ ❖

**သာချင်းစပ်ဆိုပုံ**

သာချင်းနှင့် ရကန်စပ်ဆိုပုံစပ်ဆိုနည်း တူညီနေသည်ကို ဦးအောင်ဖြိုး၏ ရာဇဝင်သာချင်းနှင့် ကင်းဝန်မင်းကြီး၏ နေမိရကန်မှ အောက်ဖော်ပြပါ နမူနာအပိုဒ်တို့ကိုကြည့်လျှင် သိနိုင်ပေသည်။ ဦးအောင်ဖြိုး၏ ရာဇဝင်သာချင်းတွင် "ငါးပါးမာရ်ချွေ၊ သမ္ဗုဒ္ဓေဟု၊ ပရမေဘုန်း(တောက်)၊ ကုသိနာရုံ၊ အင်ကြင်းစုံဝယ်၊ သုံးဘုံသူမှန်၊ ထွတ်ညာဆန်သည်၊ နိဗ္ဗာန်ဝင်တော်မူသည့်(နောက်)၌၊ အံ့လောက်ထင်ရှား၊ ကိုယ်တော်စားဟု၊ တည်ထားရိုက်ရာ၊ သာသနာသည်၊ အညာရပ်စည်၊ တကောင်းပြည်က၊ ထူးလည်လက္ခဏာ၊ ဘုန်းရောင်ဖြာသည်၊ မဟာသမ္မတ၊ နှောင်းရနန်းလျာ၊ စူဠသမ္မတ၊ ငယ်ကာလက၊ မြစ်မလယ်ခေါင်၊ ဖောင်နှင့်စုန်(ဆင်း)၊ စက္ခုန္ဒြေ၊ မြေးရှက်ကြ၍၊ ယက္ခဩသဓာ၊ တွေ့ကြိမ်ရာတွင်၊ ပြစ်ဆာ(ကင်း)၏"ဟု ဖွဲ့ဆိုထားသည်။ ဤအပိုဒ်တွင် "တောက်"ကာရန်ခံ၍ ကာရန်ခွာခဲ့ပြီးလျှင် "နောက်"ကာရန်ဖြင့် ပြန်၍ အုပ်သည်။ တစ်ဖန် "ဆင်း"ကာရန်ကို ခံကာ ကာရန်ခွာခဲ့ပြီးမှ "ကင်း" ကာရန်ဖြင့် ပြန်အုပ်သည်။ ကာရန်ခွာသည်ကို ကာရန်ကာသည်ဟုလည်းခေါ်ကြသည်။

ကင်းဝန်မင်းကြီး၏ နေမိရကန်တွင် "ဗာရာဏသီ၊ ပုရိနဂရ၊ ရွှေပြည်မတွင်၊ သံဝရကုမာ၊ လောင်းပွင့်လျာလည်း၊ ဆရာတဆူ၊ သပ္ပုရိသ၊ အမှီရ၍၊ သုခကြီးပွားဘူးသည်(ပင်)၊ အရေးအရာ၊ အဖြာဖြာတွင်၊ ပညာရှိနှင့်၊ ညှိနှိုင်းချင့်မှ၊ အခွင့်ကုန်မြဲ၊ ပြီးစီးမြဲတည့်၊ ခွဲခွဲခြမ်းခြမ်း၊ မသိစွမ်းဘဲ၊ ခပ်သွမ်းသွမ်းလူ၊ အူခပ်ချောင်ချောင်၊ ယောင်တောင်တောင်နှင့်၊ မှောင်အတိဖုံး၊ လူ့ဘိတ်တုံးများကို၊ သုံးရလျှင်မူမ (တွင်) ဘူး"ဟု ကာရန်ခွာ ကာရန်အုပ်ဖြင့် စပ်ဆိုခဲ့သည်။ ဤသို့ ကာရန်ကန်ရာတွင် ကာရန်၌ကန်ခြင်း၊ အကြောင်းပြချက်တွင် ကန်ခြင်းနှင့်အဆို၌ ကန်ခြင်းဟူ၍ခွဲခြားထားပေသည်။ သာချင်းရေးစပ်ရာ၌ တစ်ပိုဒ်၊ နှစ်ပိုဒ် အစချီပြီးလျှင် အဆုံးချ၌ သုံးလုံး၊ လေးလုံး၊ ငါးလုံးပါဒမှ ၁၀ လုံးပါဒ စသည်ချလျက် အလယ်ပိုဒ်တို့ကို ခြသေ့လည်ပြန် စသောနဘေစပ်နည်းဖြင့် ရေးစပ်ရသည်။ ကုန်းဘောင်ခေတ် ဒုတိယပိုင်းတွင် စတင်ပေါ်ပေါက်လာသော စာပေ ရတနာကဗျာတစ်ရပ်ဖြစ်ပေသည်။

**ကျုန်စစ်သားကြုတ်ဖွင့်သာချင်း**

ကျုန်စစ်သား ကြုတ်ဖွင့်သာချင်းတွင် ရာဇဝင်လာ ကျုန်စစ်သားနှင့် မဏိစန္ဒာမင်းသမီးတို့အကြောင်းကို မူတည်၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုအကြောင်းအရာများတွင် မြင်းသည်တော်လေးဦးတို့ ကြွမ်းစစ်သည်များကို နှိမ်နင်းအောင်မြင်သည့်အပိုင်း၊ ဥသပဲခူးမင်းက အနော်ရထာမင်းစောထံ ဆက်သလိုက်သည့် မဏိစန္ဒာမင်းသမီးနှင့် ကျုန်စစ်သားတို့ ဖြစ်ပျက်ကြသောအပိုင်း၊ ကျုန်စစ်သားရာဇဝတ်ဘေးသင့်၍ ထွက်ပြေးတိမ်းရှောင်နေရသော အပိုင်းဟူ၍ သုံးပိုင်းရှိရာ ဒုတိယပိုင်းနှင့် တတိယပိုင်းများကို သာချင်းအဖြစ်ရေးဖွဲ့စပ်ဆိုထားသည်။ ကျုန်စစ်သားမင်းအနေဖြင့် ကြုတ်ဖွင့်လိုသည့်အခန်းကို သာချင်းရေးဖွဲ့နည်းများအတိုင်း ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ "သဲပြင်ဖြူစွာ၊ သာနိုင်မျှတွင်၊ ချကာလည်းနား၊ စိတ်ထဲကြံနှင့်၊ မြင်းလန့်စား၍၊ ပတ္တမြားစီမြှုပ်၊ ရွှေစင်ကြုတ်မှာ၊ ထည့်ခဲ့ပါသည်၊ နွဲ့ပိုင်ထုပ်ကို၊ ရွှေနုတ်ကယ် ဆက်ချင်လွန်းလို့(ပင်)။ မြင်းကထိုင်ထင့်၊ ကျောက်ဘရဏီ၊ ရွှေညီညီနှင့်၊ ဆယ်မီးလွင့်ကို၊ ဖွင့်မည်ဆို(လျှင်)။ ဖွင့်ကာကြည့်သော်၊ ရွှေမှည့်နာရဏီ၊ နှင့်စာညီသည်၊ ဒေဝီယဉ်နု၊ ပုံသွင်းပြုသည့်နယ်၊ သူ့မျက်နှာတော်၊ တုမမြော်ကို၊ မင်းကျော်ငယ်သူ၊ မြင်သည့်ခါ(တွင်)။"

အဆိုပါသာချင်းတွင်ပင် ရတုကဗျာ၌ အချပိုဒ်များချသကဲ့သို့ ရေးဖွဲ့ထားသည်များကို တွေ့ရှိရလေသည်။ ကျုန်စစ်သားမင်းနှင့် မဏိစန္ဒာမင်းသမီးတောတွင်း၌ တွေ့ကြပုံတွင် "မသွားတတ်၍၊ ကွမ်းဖတ်သွေးငယ်နှယ်၊ တွေးတွေးနီသည်၊ ရွှေခြေကျင်းငယ်က (လေးက လေးသနှင့်)။ ....ဘယ်ခြေလှမ်းငယ်က (နေးက နေးသနှင့်)။ ....သင်းပျံ့ပျံ့ကြူနမ်းသူကြိုင်တဲ့လို့ (မွှေးက မွှေးသနှင့်)"ဟူ၍ဖြစ်သည်။ ကျုန်စစ်သားမင်းအနေဖြင့် အနော်ရထာမင်း၏ရန်မှလွတ်အောင်ပြေးသည်တွင် ဤသို့လည်း သာချင်းအချပိုဒ်များကို လှပစွာရေးစပ်ထားလေသည်။ "ပတ္တမြား စီမြှုပ်၊ မှန်အရုပ်ကဲ့သို့၊ ကြုတ်ထဲမှာ ထည့်ခဲ့သည်၊ နွဲ့ဂွမ်းဝါ၊ လွမ်းတာမောင်ကြီး၊ (ဝေးက ဝေးသနှင့်)။ ....လေပုန်းများငှေ့သောခါ၊ ရေငွေ့ကူမှ ကူလိုမှ၊ မိုးဖြူငယ်ဆင်သည်၊ ရွှေရင်မှာမောင်ကြီး (အေးက အေးသနှင့်)။....အကြောင်းရည်၍၊ ပြုသည့်ရောဂါဝေဒနာ၊ ထင်ပေါ်အောင် စင်ရော်ငှက်ကယ်က ( ကြွေးက ကြွေးသနှင့်)။ နန်းစမုတ်မှာ၊ ရွှေကြုတ်သာလွင်၊ မသွင်းခင်ကို၊ သက်တင်လိုပလီ၊ နဖူးဆီမှာ၊ ဂေါ်သီတာနံ့ကို၊ လေပျံ့တိုင်းကြိုင်သည်၊ ခုတိုင်အောင် မောင်ကြီး(မွှေးက မွှေးသနှင့်)။"

ကျုန်စစ်သားထွက်ပြေးရသဖြင့် မဏိစန္ဒာမင်းသမီးလွမ်းရပုံကို အဆိုပါသာချင်းအချပိုဒ်များတွင် ဤသို့စကားလုံးဆင့်၍အလွမ်းထုထည်တိုးစေအောင် ဖွဲ့ဆိုခဲ့သည်ကိုတွေ့ရသည်။ "လူခြေကတိတ်၊ မိုးကရိပ်ကနှင့်၊ စိတ်ရက်ကန်းရှယ်၊ ရွှေနန်းနွယ်ကြောင့်၊ သွယ်သွယ်မျက်ရည်၊ စို့မဆည်သည်၊ နှင်းလည်သည့်နှယ် (တခွေခွေ)။.... ကလျာဒေဝီ၊ လှအင်ညီငယ်ကို၊ ဦးဆီမှာစွဲ၍၊ အသဲမှာရင့်သီး၊ ချစ်မငြီးကို၊ မောင်ကြီးကိုလွမ်းလို့ (တခွေခွေ)။...အသက်ကယ်ထပ်တူ၊ သပြေရိပ်မှာ၊ တိတ်တိတ်ကယ်ရပါသည့်၊ ယဉ်ရွှအူကို၊ နန်းသူလွမ်းလှလို့ (တခွေခွေ)။.... အနောက်ဆီသို့၊ သီသီမျှော်တိုင်း၊ စိတ်တော်ပူသည်၊ ရွှအူကိုသာ (လွမ်းမိမိ)။ ဩော်... ငါ့သခင်၊ ရွှေနန်းရှင်နှင့်၊ ဘယ်တွင်မှကွဲ၊ သာဘူးဘဲကို၊ အလွဲပြုကျင့်၊ သည်အခွင့်ကြောင့်၊ သောင်ပြင်ထိပ်စ၊ နရိန္ဒမှာ၊ ကွဲရမည်တာကြောင့်၊ မျက်ရည်ဖျော်ဖျော်၊ အဆင့်အဆင့်၊ စွင့်ရရွှင့်နှင့်၊ နန်းမြင့်ပေါ်မှာ၊ ကိုယ်တော်ကိုသာလည်း (တမ်းမိမိ)။"

**သာချင်းစာရင်းချုပ်**

သာချင်းကဗျာသည် ဘိုးတော်ဘုရားလက်ထက်တွင် ပေါ်ပေါက်လာပြီး သီပေါမင်းပါတော်မူပြီးသည့်နောက်ပိုင်းတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်ကို တွေ့ရှိရသည်။ ပုဂံဝန်ထောက်မင်းဦးတင် ရေးသားပြုစုသည့် ကဗျာဗန္ဓသာရကျမ်းတွင် နန်းစဉ်စာတော်စာရင်းနှင့် ဦးအောင်ဖြိုး၏ ကျုန်စစ်သားကြုတ်ဖွင့်သာချင်းတွင်ပါရှိသည့် သာချင်းစာရင်းများအရ ဦးအောင်ဖြိုး ခြောက်ပုဒ်၊ မင်းဇေယျရန္တမိတ်ဘွဲ့ခံ ဦးသာအောင် လေးပုဒ်၊ အကြီးတော်ဦးသံမှို တစ်ပုဒ်၊ မန်လည်ဆရာတော်ဘုရားကြီး တစ်ပုဒ်၊ မောင်ချင်းဖြူ နှစ်ပုဒ်၊ ရေပုပ်ကျောင်းဒကာ ဦးသူ ကိုးပုဒ်၊ ရှင်ဝရသာမိ တစ်ပုဒ်၊ စစ်တွေမြို့ တန်ခိုးရှာနေ စာဟောဆရာထွန်း နှစ်ပုဒ်နှင့် အမည်မသိစာဆိုနှစ်ဦး နှစ်ပုဒ်ဖြစ်ကြ၍ စုစုပေါင်းမှာ ၂၈ ပုဒ်ဖြစ်ကြောင်း တွေ့ရှိရသည်။ အချို့သာချင်းကဗျာများနှင့် ရေးစာပေတို့သည်လည်း ပေထက်အက္ခရာတင်ထားရာမှ ကာလကြာရှည်လာသောအခါ ပျက်စီးပျောက်ဆုံးကုန်ကြသည်မှာလည်း နှမြောစရာကောင်းလှပေသည်။ သမိုင်းအထောက်အထား ရှာဖွေရာတွင် ကျောက်စာပြီးလျှင် မော်ကွန်း၊ ချေင်းနှင့် သာချင်းတို့မှာ အားအထားရဆုံးဖြစ်ပေသည်။

**ကိုးကား**


၁။ ဦးအောင်ဖြိုး၏ ကျုန်စစ်သားကြုတ်ဖွင့်သာချင်း

၂။ မြန်မာစာအသင်း၏ မြန်စာဂုဏ်စာအမြုတေ

၃။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၄)

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၁၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၁၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၂၈၅ ကေစိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၅၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကနီမြို့နယ်အတွင်း စပါးကေ ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ကနီမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ မိုးစပါးများအချိန်မီ စိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းရှင်းခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တက္ကသိုလ်ာနှင့် ပန်းတမာ

- တက္ကသိုလ်ာ
  လမ်းဝဲယာ
  တမာရိပ်ဆာယာ၊
  စီကာရီကာ
  ညီညာတန်း
  လက်တွဲလျှောက်ချင်စမ်း။

- ပန်းတမာက
  ဝေဝေဆာ
  ကြိုလှည့်ပျူပျူငှာ၊
  ကျောင်းလာကျောင်းပြန်
  ရနံ့မွှေး
  ပီတိဖြာရင်အေး။

- ခြွေခြွေခူးခူး
  ဝေဦးမှာ
  ပင်လုံးကျွတ်ဝေဆာ၊
  တက္ကသိုလ်ာ
  မန္တလေး
  ရာပြည့်ဟစ်ကာကြွေး။ ။

ကျော်စောဟန်

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘောကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ပန်းတနော် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘောကျားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ထိုင်းဘောကျားစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ထိုင်းဘောကျားစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ထိုင်းဘောကျားစပါး တင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဒေသတွင်း ဆန်စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရေကြည်မြို့နယ် သစ်ငုတ္တထောင်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်နေမှု စစ်ဆေး

ရေကြည် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဖားရိုးကျေးရွာအုပ်စု သစ်ငုတ္တထောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ သစ်ငုတ္တထောင်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သစ်ငုတ္တထောင်ကျေးရွာ၌ အရှည် ပေ ၁၆၈၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၄၇ သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၄၇ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ပြောပြ၍ သိရသည်။

သံသာ

## နိုင်ငံတကာ သတင်းများ

# ဂါဇာစီးတီးမှ ပါလက်စတိုင်းများကို ရွှေ့ပြောင်းမည့်အစီအစဉ် ဟားမတ်စ်အုပ်စုကန့်ကွက်



**ဂါဇာစီးတီး ဩဂုတ် ၁၈**

ဂါဇာစီးတီးမြို့မှပါလက်စတိုင်းလူမျိုးများအား အခြားနေရာများသို့ ရွှေ့ပြောင်းနေရာချမည့် အစ္စရေးအစိုးရ၏အစီအစဉ်ကို ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ဩဂုတ် ၁၇ ရက်တွင် ဝေဖန်ကန့်ကွက်ထားကြောင်း သိရသည်။

အစ္စရေးအစိုးရ၏ အဆိုပါအစီအစဉ်သည် လူမျိုးဖြုတ်မှုနှင့် ပြည်သူ ထောင်ပေါင်းများစွာကို နှင်ထုတ်မှုကျူးလွန်ရာရောက်လိမ့်မည်ဖြစ်ကြောင်း ဟားမတ်စ်အုပ်စုက ပြောကြားထားသည်။

ဂါဇာစီးတီးမြို့မှပါလက်စတိုင်းဒေသခံများကို စစ်ပွဲဇုန်နှင့်လွတ်ရာ ဂါဇာတောင်ပိုင်းသို့ရွှေ့ပြောင်းနေရာချရန်စီစဉ်ထားကြောင်း အစ္စရေးအစိုးရက ကြေညာထားသည်။

အလားတူ အထက်ပါ ပါလက်စတိုင်းလူမျိုးများကို ရွှေ့ပြောင်းရေးအတွက် ရွက်ဖျင်တဲများနှင့် အခြားပစ္စည်းများကို ဂါဇာတောင်ပိုင်းသို့ ဩဂုတ် ၁၇ ရက်တွင် စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း အစ္စရေးတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ဂါဇာကမ်းမြောင် ဒေသ၏ အကြီးဆုံး လူနေဒေသဖြစ်သော ဂါဇာစီးတီးမြို့ကို စစ်ရေးအရ ထိန်းချုပ်ထားရေးအတွက် စစ်ဆင်ရေးများတိုးချဲ့ရန် ရည်ရွယ်ထားကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သော ဂါဇာကမ်းမြောင်ပဋိပက္ခတွင် အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများကြောင့် ဂါဇာဒေသ၌ ပါလက်စတိုင်းလူမျိုး ၆၁၀၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အိုင်အေအီးအေနှင့် ဆက်လက်ဆွေးနွေးမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်

**တီဟီရန် ဩဂုတ် ၁၈**

ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ အီရန်တာဝန်ရှိသူများနှင့် အိုင်အေအီးအေတာဝန်ရှိသူများအနေဖြင့် လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ယခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့်၁၂ရက်ကြာပဋိပက္ခအတွင်း အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က အီရန်နျူကလီးယား အဆောက်အအုံများကို တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အိုင်အေအီးအေအနေဖြင့် အီရန်နျူကလီးယားအဆောက်အအုံများကိုသွားရောက်စစ်ဆေးနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

အီရန် နျူကလီးယားအဆောက်အအုံများကို အစ္စရေးနှင့်အမေရိကန်တို့ တိုက်ခိုက်နိုင်ရေးအတွက် မေ ၃၁ ရက်တွင်ထုတ်ပြန်ခဲ့သောအစီရင်ခံစာဖြင့် အိုင်အေအီးအေက လမ်းစဖွင့်ပေးခဲ့ကြောင်း အီရန်အစိုးရက စွပ်စွဲထားသည်။

၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် အီရန်နှင့် အိုင်အေအီးအေတို့ကြား ဆက်ဆံရေးအခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် အိုင်အေအီးအေနှင့် ဆက်လက်ဆွေးနွေးရန် စီစဉ်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက အီရန်ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ပြီးခဲ့သည့်လအတွင်း အီရန်လွှတ်တော်သည် အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းရန် အဆိုပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရားမဝင် အရက်ချက်သူများအဖြစ် ယူဆရသူ ၆၇ ဦးကို ကူဝိတ်အာဏာပိုင်များဖမ်းဆီး

**ကူဝိတ်စီးတီး ဩဂုတ် ၁၈**

ပြည်တွင်း၌ အရက်သေစာ တရားမဝင် ထုတ်လုပ်ရောင်းချနေသူများအဖြစ် ယူဆရသူ ၆၇ ဦးကို တာဝန်ရှိသူများက ဖမ်းဆီးထားကြောင်း ကူဝိတ်ပြည်ထဲရေး ဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း တရားမဝင် အရက်ပုန်းများ သောက်သုံးမှုကြောင့် လူပေါင်း ၂၃ ဦးသေဆုံးခဲ့ရပြီးနောက် တရားမဝင်အရက်ချက်လုပ်သူများအဖြစ် ယူဆရသူများကို ကူဝိတ်တာဝန်ရှိသူများကဖမ်းဆီးခဲ့ခြင်းဖြစ်သည်။



အလားတူ တရားမဝင်အရက်ချက်လုပ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွင်း ကူဝိတ်တာဝန်ရှိသူများသည် တရားမဝင် အရက်ချက်စက်ရုံ ခြောက်ရုံနှင့် လုပ်ငန်းလည်ပတ်ရသေးခြင်းမရှိသော အရက်ချက်စက်ရုံ လေးရုံတို့ကိုလည်း သိမ်းယူနိုင်ခဲ့ကြောင်း ကူဝိတ် ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း ကူဝိတ်နိုင်ငံ၌ တရားမဝင် ချက်အရက်များ သောက်သုံးပြီးနောက် မက်သနောအဆိပ်သင့်သူဦးရေ ၁၆၀ထိရှိခဲ့ပြီး ၂၃ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

တရားမဝင် ချက်အရက်သောက်သုံးမှုကြောင့် မက်သနောအဆိပ်သင့်သူအများစုမှာ အာရှနွယ်ဖွားများ ဖြစ်ကြကြောင်း ကူဝိတ် ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကူဝိတ်နိုင်ငံသည် ပြည်ပမှ အရက်များတင်သွင်းမှုနှင့် ပြည်တွင်း၌ အရက်ထုတ်လုပ်မှုများကို ပိတ်ပင်ထားသော နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# နိုင်ဂျီးရီးယား၌ ရေယာဉ်တစ်စီးတိမ်းမှောက် လူပေါင်း ၄၀ ကျော် ပျောက်ဆုံး

**အဘူဂျာ ဩဂုတ် ၁၈**

နိုင်ဂျီးရီးယားနိုင်ငံ ဆိုကိုတိုပြည်နယ်၌ ဩဂုတ် ၁၇ ရက်က ခရီးသည်တင် ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူပေါင်း ၄၀ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် ဆိုကိုတိုပြည်နယ်၏ နာမည်ကျော် ဈေးတစ်ဈေးဖြစ်သည့် ဂိုရိုညိုဈေးသို့ ခုတ်မောင်းနေစဉ် မြစ်ထဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေယာဉ်ပေါ်တွင် လူပေါင်း ၅၀ ကျော် လိုက်ပါလာပြီး ၁၀ ဦးကိုကယ်တင်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသူ ၄၀ ကျော်ကို ရှာဖွေနေဆဲဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရ အရေးပေါ်ရေးရာဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တသုံးပတ်ကလည်း နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ် မြစ်တစ်စင်းအတွင်း လူပေါင်း ၁၀၀ခန့်လိုက်ပါလာသည့် ရေယာဉ်တစ်စင်းတိမ်းမှောက်ခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံး၍ အများအပြား ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

မြစ်များ၊ ကန်များ ရေလျှံမှုဖြစ်ပွားတတ်သည့် မိုးရာသီကာလများအတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ ရေယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# ဘိုလီးဗီးယားသမ္မတရွေးကောက်ပွဲရလဒ် ပြတ်သားမှုမရှိ ဒုတိယအကျော့ရွေးကောက်ပွဲ အောက်တိုဘာလတွင် ကျင်းပမည်

**လာပက်ဇ် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက်တွင် ကျင်းပခဲ့သည့် ဘိုလီးဗီးယားသမ္မတရွေးကောက်ပွဲ၌ မည်သည့်သမ္မတလောင်းကမျှ အနိုင်ရရေးအတွက် လိုအပ်သည့် ထောက်ခံမဲရာနှုန်းကို မရယူနိုင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ဘိုလီးဗီးယားနိုင်ငံအနေဖြင့် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ကို ကျင်းပပေးရတော့မည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက် သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်း ဘိုလီးဗီးယားအထက်လွှတ်တော်အမတ် ရိုဒရီဂိုပက်ဇ်သည် ပြိုင်ဘက် လက်ယာယိမ်းသမ္မတလောင်းများထက် ထောက်ခံမဲရာနှုန်း ပိုမိုရရှိခဲ့သော်လည်း ပြတ်သားသည့် အနိုင်ရလဒ်အတွက် လုံလောက်မှုမရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက် သမ္မတရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ဆိုရှယ်လစ်လှုပ်ရှားမှုပါတီမှာ အကြီးအကျယ်ရှုံးနိမ့်ခဲ့ရပြီး ပါတီကိုယ်စားပြုသမ္မတလောင်းအနေဖြင့် ထောက်ခံမဲ ရှစ်ရာခိုင်နှုန်းသာ ရယူနိုင်ခဲ့သည်။

ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပရန် ဘိုလီးဗီးယားနိုင်ငံက စီစဉ်ထားပြီး ယင်းရွေးကောက်ပွဲတွင် ရိုဒရီဂိုပက်ဇ်နှင့် လက်ယာယိမ်းဝါဒီသမ္မတလောင်း ဂျော့ကွီရိုဂါတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အောက်တိုဘာ ၁၉ ရက် ရွေးကောက်ပွဲသည်ဘိုလီးဗီးယားနိုင်ငံအတွက် ၁၉၈၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပရမည့် ဒုတိယအကျော့သမ္မတ ရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၀ ဒုံးပျံသစ်၏ ဒုံးအင်ဂျင်များကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ခဲ့



**ပေကျင်း ဩဂုတ် ၁၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ ဒုံးပျံသစ်၏ ဒုံးအင်ဂျင်များကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ခဲ့ကြောင်း ဩဂုတ် ၁၇ ရက်သတင်းများအရ သိရသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ဒုံးအင်ဂျင်များကို ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့စမ်းသပ်ရာတွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ဒုံးအင်ဂျင် ခုနစ်လုံးစလုံးကိုဖွင့်၍ တွန်းပင့်အားတန်ချိန် ၁၀၀၀ ထိ စက်လည်အားကို မြှင့်တင်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံသည် တရုတ်နိုင်ငံ၏ လကမ္ဘာသို့ လူသားများစေလွှတ်ရေးအစီအစဉ်တွင် အဓိက အခန်းကဏ္ဍ၌ ပါဝင်နေသည့် ဒုံးပျံဖြစ်သည်။

တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၁၀ ဒုံးပျံများဖြင့် မင်ကျိုး အာကာသ လူသယ်ယာဉ်နှင့် တီယန်ကျိုး အာကာသကုန်တင်ယာဉ်များကို လွှတ်တင်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လကမ္ဘာပေါ်သို့လူသားများစေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နီဆာ(NISAR) ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုက အဝန်း ၃၉ ပေရှိ ရေဒါအင်တင်နာကို အောင်မြင်စွာဖြန့်ကြက်နိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၈**

နီဆာ(NISAR) အမည်ရှိ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုသည် အဝန်း ၃၉ ပေရှိသည့် ရေဒါအင်တင်နာကို အောင်မြင်စွာဖြန့်ကြက်နိုင်ခဲ့ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

နီဆာဂြိုဟ်တုသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် အိန္ဒိယအာကာသအေဂျင်စီတို့ ပူးပေါင်းတည်ဆောက်ထားသည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၇ ရက်အကြာတွင် နီဆာဂြိုဟ်တုသည် ၎င်း၏ ရေဒီယိုအင်တင်နာစနစ်ကို ဩဂုတ် ၁၅ ရက်တွင် အောင်မြင်စွာဖြန့်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

နာဆာနှင့်အိန္ဒိယအာကာသအေဂျင်စီတို့သည် နီဆာဂြိုဟ်တုကို အိန္ဒိယနိုင်ငံ ဆာတစ်ရှ်ဒါဝန်အာကာသစခန်းမှ တစ်ဆင့် ဂျီအက်စ်အယ်လ်ဗွီ ဒုံးပျံဖြင့် ဇူလိုင် ၃၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နီဆာဂြိုဟ်တုသည် ရေခဲပြင်များ၏ ရွေ့လျားမှုအပါအဝင် ကမ္ဘာ့မြေမျက်နှာပြင် အပြောင်းအလဲများကို စောင့်ကြည့်လေ့လာမည်ဖြစ်ကြောင်း သိရသည်။


နီဆာဂြိုဟ်တုတွင် မိုးတိမ်များကို ထွင်းဖောက်ထောက်လှမ်းနိုင်သော နည်းပညာအဆင့်မြင့် ရေဒါစနစ်နှစ်ခု တပ်ဆင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ် ကမ်းရိုးတန်း၌ ခေတ်သစ်ဝေလငါးတို့၏ ဘိုးဘေးကမ္ဘာဦးဝေလငါးတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိထား

**ဆစ်ဒနီ ဩဂုတ် ၁၈**

ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ် ကမ်းရိုးတန်း၌ ခေတ်သစ်ဝေလငါးတို့၏ ဘိုးဘေးကမ္ဘာဦးဝေလငါးတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တူးဖော် တွေ့ရှိထားကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။



သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၆ သန်းခန့်ရှိသော အဆိုပါကမ္ဘာဦးဝေလငါးမျိုးစိတ်ကို Janjucetus Dullardi ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Janjucetus Dullardi ဝေလငါးများသည် အရွယ်အစားကြီးမားသည့်မျက်လုံးများ၊ ထက်မြက်သည့်သွားများ ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယနေ့ခေတ်ဝေလငါးများနှင့် မတူသည့် အချက်မှာ Janjucetus Dullardi ဝေလငါးများသည် အရွယ်အစားအားဖြင့် လင်းပိုင်တစ်ကောင်၏ အရွယ်သာရှိသော အသားစားသက်ရှိမျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Janjucetus Dullardi ဝေလငါးများသည် ယနေ့ခေတ် ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ်နေရာ၌ရှိခဲ့ဖူးသော ပင်လယ်ရေတိမ်ပိုင်း၌ ရှင်သန်ကျက်စားခဲ့ကြသည့် ရေနေသက်ရှိများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပန်ကရိယကင်ဆာ ပြန်ပေါ်လာနိုင်ခြေ လျှော့ချမည့်ဆေးတစ်မျိုး စမ်းသပ်မှုပြုနေ

**နယူးယောက် ဩဂုတ် ၁၈**

ပန်ကရိယ ကင်ဆာရောဂါ တစ်ကျော့ပြန် ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်မည့်ဆေးတစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

ကနဦး စမ်းသပ်မှုရလဒ်များအရ အထက်ပါဆေးသည် ပန်ကရိယကင်ဆာရောဂါ လက္ခဏာများ တစ်ကျော့ပြန်ပေါ်လာမှုကို တားဆီးပေးနိုင်မည့် အလားအလာများရှိနေသည်ကို တွေ့ရသည်ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ စမ်းသပ်နေသောဆေးသည် ကင်ဆာရောဂါများ၌ အတွေ့ရအများဆုံးမျိုးဗီဇတစ်မျိုးဖြစ်သည့် KRAS မျိုးဗီဇကို ပစ်မှတ်ထား ထိန်းချုပ်ပေးသည့် ဆေးအမျိုးအစားဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် ၎င်းတို့၏ကုထုံးသစ်ကို ပန်ကရိယ ကင်ဆာလူနာ ၂၀ တို့ဖြင့် စမ်းသပ်နေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ KRAS မျိုးဗီဇကြောင့် ပန်ကရိယ ကင်ဆာလူနာများနှင့် အူမကြီး ကင်ဆာလူနာများ၌ ရောဂါ တစ်ကျော့ပြန် ပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကနဦး စမ်းသပ်မှုရလဒ်များအရ အမေရိကန် သုတေသနပညာရှင်များ၏ ကုထုံးသစ်ရယူပြီးနောက် စမ်းသပ်မှုတွင်ပါဝင်သည့် လူနာ ၈၅ ရာခိုင်နှုန်းတို့၏ ခုခံအားစနစ်သည် KRAS မျိုးဗီဇများကို တုံ့ပြန်နိုင်စွမ်း ရှိလာကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရင်သားနှင့်အရေပြားကင်ဆာ ကုသရန် ခုခံအားစနစ်ဆေးတစ်မျိုး စမ်းသပ်

**နယူးယောက် ဩဂုတ် ၁၈**

ရင်သားကင်ဆာနှင့်အရေပြား ကင်ဆာရောဂါများကို ကုသနိုင်ရေးအတွက် ခုခံအားစနစ်ဆေးတစ်မျိုးကို အမေရိကန်နိုင်ငံ ရော့ခ်ဖဲလားတက္ကသိုလ်မှ သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

CD 40 အမည်ရှိ အဆိုပါဆေးသစ်သည် ကင်ဆာဆဲလ်များ၏ အရွယ်အစားကို လျှော့ချပေးနိုင်သည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် CD 40 ကုထုံးကို ရင်သားကင်ဆာနှင့် အရေပြားကင်ဆာ လူနာ ၁၂ ဦးတို့ဖြင့် ကနဦးစမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ CD 40 ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သော လူနာ ထက်ဝက်ကျော်တို့၏ ကင်ဆာဆဲလ်များ အရွယ်အစားကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် CD 40 ခုခံအားစနစ်ကုထုံးကြောင့် ပေါ်ထွက်လာသည့် ဘေးထွက်ဆိုးကျိုးများမှာလည်း ပြင်းထန်မှုမရှိကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် CD 40 ဆေးကို စမ်းသပ်မှုတွင်ပါဝင်သည့် လူနာများ၏ ကင်ဆာဆဲလ်များဆီသို့ တိုက်ရိုက်ထိုးနှံစမ်းသပ်နေခြင်းဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**






# နယူးကာဆယ်အသင်းက ဂျက်ကော့ရမ်ဆေးကို စတာလင်ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၈**

နယူးကာဆယ် အသင်းသည် အေဗီလာအသင်း ကွင်းလယ် ကစားသမား ဂျက်ကော့ရမ်ဆေးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် လေးယောက်မြောက် ကစားသမားခေါ်ယူမှု ပြုလုပ်နိုင်ခဲ့သည်။

အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမားသည် အေဗီလာအသင်း လူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့် ၁၅ နှစ်ကြာလက်တွဲခဲ့ရာတွင် အသင်းကြီးအတွက် ပြိုင်ပွဲစုံ ၁၆၇ ပွဲ ပါဝင်ကစားခွင့်ရခဲ့ပြီး သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ် ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကို ကျော်ဖြတ်နိုင်ရန် လူငယ်ကစားသမားကို ရောင်းချခဲ့ရခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းအနေဖြင့် ဂျက်ကော့ရမ်ဆေးအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ ပေးချေ၍ ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အသင်းတွင် ကျောနံပါတ် ၄၁ ကို ဝတ်ဆင်ခွင့်ပြုခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် နယူးကာဆယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့် ရရှိထားသည့်အတွက် ကစားသမားသစ် ဖြည့်တင်းမှုများပြုလုပ်လျက်ရှိပြီး ဂျက်ကော့ရမ်ဆေးကို ခေါ်ယူနိုင်ခဲ့သည့်အတွက် ကွင်းလယ်ကစားသမားဖြစ်သည့် တိုနယ်လီ၊ ဂူမာရေ့စ်နှင့်ဂျိုလင်တန်တို့နှင့်အတူ အသင်းစွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်မည်ဟု နည်းပြ ဟိုဝီက ယုံကြည်နေပြီး ဩဂုတ် ၂၅ ရက်တွင်ကစားရမည့် လီဗာပူးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲထွက်ခွင့်ပေးသွားမည်ဖြစ်သည်။

လက်ရှိကာလတွင် နယူးကာဆယ်အသင်းသည် ဂျက်ကော့ရမ်ဆေးအပါအဝင် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား မာလစ်သီယာ၊ ဆောက်သမ်တန်အသင်းမှဂိုးသမား ရမ်ဒေး၊ နော့တင်ဟမ်အသင်းက တောင်ပံကစားသမား အယ်လန်ဂါတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**







- ❑ အေစီမီလန်အသင်းက ဘာရီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင် တောင်ပံကစားသမား လီအိုသည် ပထမပိုင်းပွဲကစားချိန်တွင် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသောကြောင့် လာမည့်ရက်သတ္တပတ်တွင် ကစားရမည့် စီးရီးအေအဖွင့်ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဘာစီလိုနာအသင်းအနေဖြင့် ကစားသမားမှတ်ပုံတင်ရန် ကြန့်ကြာနေသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နှင့် ဂိုးသမား ဂျိုအန်ဂါစီယာတို့ကို လာလီဂါအဖွင့်ပွဲစဉ်မတိုင်မီ ကစားသမားမှတ်ပုံတင်နိုင်ခဲ့သော်လည်း လူငယ်ကစားသမား ဂျာရတ်မာတင်နှင့် ဂိုးသမား ဆက်ဇနီတို့ကို မှတ်ပုံတင်ခွင့်ရရှိရန် ထပ်မံကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❑ ယခုနွေရာသီ အပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ်က ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် နှစ်ဘီလီယံထိ အသုံးပြုထားပြီး လီဗာပူး၊ ချဲလ်ဆီးနှင့် မန်ယူအသင်းတို့က ငွေကြေးသုံးစွဲမှု အများဆုံးပြုလုပ်ထားကြောင်း သိရသည်။ **ML**

# Cincinnati Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စဝီယာတက်ခ်နှင့် ပါအိုလီနီတို့ ထိပ်တိုက်တွေ့ဆုံ




**အိုဟိုင်းယိုး ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်၌ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ဗိုလ်လုပွဲတွင် ထိပ်တိုက် တွေ့ဆုံနေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၇-၅၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပါအိုလီနီက(၆-၃၊ ၆-၇၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

စဝီယာတက်ခ်သည် ပြိုင်ပွဲတွင် ပုံစံကောင်းရနေသည့် ရိုင်ဘာကီနာအား ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရသော်လည်း နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ဆီမီးဖိုင်နယ်အဆင့်ဟာ တကယ့်ကို ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ခဲ့ပါတယ်။ နှစ်ယောက်စလုံးက မြင့်မားတဲ့ ရည်မှန်းချက်တွေနဲ့ ရလဒ်ကောင်းဖို့အတွက် အကောင်းဆုံးကြိုးစားကစားခဲ့တယ်ဆိုတာ အားလုံးတွေ့ခဲ့ရပြီးဖြစ်မှာပါ။ ဒီပွဲစဉ်ကို ပေါ့ပေါ့ပါးပါး သွားကစားလို့မရဘူးဆိုတာ ကြိုတင်မျှော်တွေးထားပြီး ပွဲစတာနဲ့ပွဲအပေါ်မှာ သေချာအာရုံစိုက်ကစားခဲ့ပါတယ်။ ရိုင်ဘာကီနာဟာ ပထမပွဲငယ်မှာ ကစားသွားတာ အရမ်းကိုကောင်းပါတယ်။ အထူးသဖြင့် သူ့ရဲ့စပေးဘောတွေက အရမ်းကိုကောင်းခဲ့တယ်။ သူ့ရဲ့စပေးဘောကို အကောင်းဆုံးတုံ့ပြန်နိုင်ဖို့ပဲ အာရုံစိုက်နေခဲ့ရတယ်။ ကျွန်မအနေနဲ့ရလာတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ခဲ့တဲ့အတွက် အနိုင်ရခဲ့တယ်လို့ မြင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဆာဗင်ဟို အသင်းပြောင်းရွှေ့ပါက ရိုဒရီဂိုကို ခေါ်ယူသွားမည်ဟု မန်စီးတီးအသင်း ပြောကြား

**မန်ချက်စတာ ဩဂုတ် ၁၈**

မန်စီးတီးအသင်းသည် တောင်ပံကစားသမား ဆာဗင်ဟိုကို ယခုအပြောင်းအရွှေ့ကာလတွင် လက်လွှတ်ခဲ့ရပါက ရီးရဲလ်မက်ဒရစ်အသင်းမှ တောင်ပံကစားသမား ရိုဒရီဂိုနှင့် အစားထိုးသွားရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

အသက် ၂၁ နှစ်ရှိ တောင်ပံကစားသမား ဆာဗင်ဟိုသည် စပါးအသင်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသည့်အပြင် ဝုဗ်အသင်းကို အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်တွင် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သောကြောင့် နည်းပြဂွါဒီယိုလာက ဆာဗင်ဟို ထွက်ခွာသွားပါက ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် ရိုဒရီဂိုနှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆာဗင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းအတွက် ပါဝင်ကစားခဲ့ရာတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အသင်းအတွက် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နည်းပြ ဂွါဒီယိုလာက ၎င်း၏ အနာဂတ်စီမံကိန်းတွင် ဆာဗင်ဟိုကို ထည့်သွင်းခဲ့ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်စီစဉ်ခဲ့သည်။

သို့သော် ကစားသမားအနေဖြင့် ပုံမှန်ပွဲကစားခွင့် ရရှိလိုသည့်အတွက်စပါးအသင်းက ချိတ်ဆက်မှုများရှိလာချိန်တွင် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် မန်စီးတီးအသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချရန်ဆုံးဖြတ်ထားသည့် ရိုဒရီဂိုနှင့် အစားထိုးသွားမည်ဖြစ်ပြီး ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ခြောက်နှစ်ကြာ ကစားခဲ့ရာ ချန်ပီယံလိဂ်ဖလား နှစ်လုံးရရှိခဲ့ကာ အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသောကြောင့် ဆာဗင်ဟို၏နေရာကို အကောင်းဆုံး အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Daily mail**
**Trs : ML**

# ဘာစီလိုနာအသင်း ဂိုးသမားပီနာကိုခေါ်ယူရန် ကိုမိုအသင်း ကြိုးပမ်း

**ရောမ ဩဂုတ် ၁၈**

နည်းပြဖာဘရီဂတ်စ် တာဝန်ယူနေသည့် ကိုမိုအသင်းက ဘာစီလိုနာအသင်းတွင် ပွဲကစားခွင့်အာမခံချက်မရှိသည့် ဂိုးသမား ပီနာကို အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ ခေါ်ယူသွားရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဖာဘရီဂတ်စ်အနေဖြင့် ဂိုးသမား ပီနာ၏ စွမ်းဆောင်ရည်ကို သဘောကျသူ တစ်ဦးဖြစ်သည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူကာ စာချုပ်ကုန်ဆုံးပါက အပြီးသတ်ဝယ်ယူသွားမည်ဖြစ်ပြီး ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာ နောက်ဆုံးသဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိသည်။

ဘာစီလိုနာအသင်းသည် အက်စ်ပန်ညိုဂိုးသမား ဂျိုအန်ဂါစီယာကို ခေါ်ယူခဲ့သည့်အပြင် ဦးစားပေး ဂိုးသမား ဆက်ဇနီကိုလည်း သက်တမ်းနှစ်နှစ်တိုးရန် ကြိုးပမ်းနေသောကြောင့် ပီနာအနေဖြင့် အသင်းတွင် ပုံမှန်ပွဲကစားခွင့် ရရှိရန် ရှန်းကန်ရဖွယ်ရှိပြီး ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် မာယော့ကာအသင်းနှင့် လာလီဂါအဖွင့်ပွဲစဉ်တွင်လည်း ပီနာအနေဖြင့် အရန်ကစားသမားစာရင်း၌ပင် ပါဝင်ခဲ့ခြင်းမရှိ၍ အသင်းတာဝန်ရှိသူများက ထွက်ခွာခွင့်ပြုရန် သေချာနေကြောင်း သတင်းထွက်ပေါ်ခဲ့သည်။




အသက် ၂၆ နှစ်ရှိ ဂိုးသမား ပီနာသည် ဘာစီလိုနာအသင်း လူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အဓိကပြိုင်ပွဲများတွင် ပွဲထွက်ခွင့်မရခဲ့ဘဲ ၂၀၂၂ နှစ်တွင် ဂါလာတာစာရေးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရကာ အသင်းနှင့်ပြန်လည်ပူးပေါင်းချိန်တွင် အသင်းကြီးသို့ ရောက်ရှိခဲ့ပြီးနောက် ယနေ့ထိ ပြိုင်ပွဲစုံ ၄၅ ပွဲသာ ပါဝင်ကစားခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : Barcablaugranes**
**Trs : ML**

# အယ်လ်လက်ဗာက ချန်ပီယံဟောင်း ကွန်ဆပ်စီအွန်ကိုအနိုင်ရရှိပြီး ဘင်တန်ဝိတ်တန်းချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ရရှိ



**မနီလာ ဩဂုတ် ၁၈**

Oriental and Pacific Boxing Federation (OPBF) ဘင်တန်ဝိတ်တန်းချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမား အယ်လ်လက်ဗာသည် ပနားမားလက်ဝှေ့သမား ကမ္ဘာ့ချန်ပီယံဟောင်း ဖြစ်သူ ကွန်ဆပ်စီအွန်တို့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဩဂုတ် ၁၇ ရက်က ထိုးသတ်ခဲ့ရာ အယ်လ်လက်ဗာက ရှစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်လ်လက်ဗာသည် ကွန်ဆပ်စီအွန်အား အနိုင်ရရှိခဲ့သည့်အတွက် IBF ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံအားစိန်ခေါ်ထိုးသတ်ခွင့်ရရှိရေး အခွင့်အရေးကို ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

ဝါရင့် လက်ဝှေ့သမားကြီး ကွန်ဆပ်စီအွန်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၅၂ ပွဲထိ ထိုးသတ်ထားသူဖြစ်ပြီး ပွဲပေါင်း ၄၀ ထိ အနိုင်ရရှိထားသူလည်းဖြစ်သည်။

အယ်လ်လက်ဗာသည် စိန်ခေါ်ပွဲပေါင်း ၁၅ ပွဲသာ ထိုးသတ်ထားရသော်လည်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။

အသက် ၂၂နှစ်အရွယ် အယ်လ်လက်ဗာနှင့် အသက် ၃၉ နှစ်အရွယ် ကွန်ဆပ်စီအွန်တို့အကြား အသက်ကွာဟချက် ကြီးမားခဲ့ပြီး အတွေ့အကြုံပိုင်းအရ ကွန်ဆပ်စီအွန်က သာလွန်ခဲ့သော်လည်း လျင်မြန်မှုနှင့် ကြံ့ခိုင်မှုအပိုင်းတွင် အယ်လ်လက်ဗာက အစစအရာရာ သာလွန်ခဲ့သည်။

အယ်လ်လက်ဗာက "ကွန်ဆပ်စီအွန်ဟာ သန်မာပြီးတော့ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ သူ့ကို ချက်ကောင်းတွေချည်းပဲ အချက်ပေါင်းများစွာ ထိုးသတ်နိုင်ခဲ့ပေမဲ့လဲ သူလုံးဝကို လဲကျမသွားခဲ့ဘူး။ သူ့ကိုလဲကျအောင် ထိုးသတ်နိုင်ခဲ့တဲ့အချီတွေရှိပေမဲ့လဲ ချက်ချင်းကို ပြန်ထလာနိုင်တယ်။ သူလဲကျသွားတိုင်းကို ကျွန်တော်သတိထားကြည့်မိတာက သူ့ခြေထောက်တွေပါ။ သူ့ခြေထောက်တွေက အရမ်းကို တည်တည်ငြိမ်ငြိမ်နဲ့ နေရာယူထားနိုင်ဆဲဖြစ်တယ်။ သူ့ကို လဲကျအောင် ထိုးသတ်ဖို့ဆိုတာကတော့ အချိန်ယူရလိမ့်မယ်ဆိုတာကို သဘောပေါက်ခဲ့တဲ့အတွက် ရှစ်ချီမြောက်မှပဲ ကျွန်တော်လိုချင်တဲ့ရလဒ်ထွက်ပေါ်လာခဲ့တယ်"ဟု ပြောကြားခဲ့သည်။

အယ်လ်လက်ဗာသည် လာမည့် အောက်တိုဘာလတွင် IBF ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံအားစိန်ခေါ်ခွင့်ရမည့် အခွင့်အရေးအတွက် တောင်အာဖရိကလက်ဝှေ့သမားလန်ဒီနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : DAZN**
**Trs : AZL**

# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူး

**မယ်ရီလန်း ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင်ကျင်းပခဲ့သည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲ ပထမနေ့မှ တတိယနေ့ပြီးဆုံးသည်ထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီသည် နောက်ဆုံးနေ့တွင် စွမ်းဆောင်ရည်ကျဆင်းကာ ရလဒ်များကျဆင်းခဲ့သည့်အတွက် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာဖြင့်သာ အဆုံးသတ်နိုင်ခဲ့သည်။


အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်နီလေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည်။

မက်အင်တိုင်ရီသည် တတိယနေ့ပြီးဆုံးသည်ထိ အမှတ်ပေးဇယား၏ ဒုတိယနေရာမှစကော့တီရှက်ဖလာအား လေးချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် နောက်ဆုံးနေ့တွင် ပုံမှန်အတိုင်းကစားနိုင်ရုံဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် သေချာသလောက်ရှိနေခဲ့သော်လည်း အမှားများခဲ့ပြီး နောက် နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်ပိုရိုက်ခဲ့ခြင်းကြောင့် ချန်ပီယံဆုဖြင့်လွဲချော်ခဲ့ရသည်။

စကော့တီရှက်ဖလာ သည် ပထမနေ့တွင် ရလဒ်မကောင်းခဲ့သော်လည်း ဒုတိယနေ့မှ နောက်ဆုံးနေ့ထိ ရလဒ်များ တောက်လျှောက် တိုးတက်လာခဲ့ပြီး ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်သည်ထိ စွမ်းဆောင်ပြနိုင်ခဲ့သည်။

မက်အင်တိုင်ရီက "နောက်ဆုံးနေ့မှာ စကော့တီရှက်ဖလာရဲ့ ရိုက်ချက်တွေက ကောင်းလွန်းခဲ့ပါတယ်။ စကော့တီရှက်ဖလာရဲ့ စွမ်းဆောင်ရည်ဟာ ချန်ပီယံဆုနဲ့ ထိုက်တန်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံးနေ့မှာ စွမ်းဆောင်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး စိတ်ပျက်မိပါတယ်။ တတိယနေ့ထိ အကောင်းဆုံးကစားလာနိုင်ခဲ့ပြီးမှ နောက်ဆုံးနေ့မှာ ရလဒ်တွေဆိုးရွားခဲ့တာဟာလဲ လုံးဝမျှော်လင့်မထားတဲ့ အခြေအနေဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁)အပြီးတွင် ရှုံးပွဲကြုံခဲ့သည့် ဝက်စ်ဟမ်းအသင်းနည်းပြပေါ်တာ ရာထူးမှထုတ်ပယ်ခံရရန် ရေပန်းစားနေ

**လန်ဒန် ဩဂုတ် ၁၈**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) အပြီးတွင် ရှုံးပွဲကြုံခဲ့သည့် ဝက်စ်ဟမ်းအသင်းနည်းပြ ပေါ်တာအနေဖြင့် ရာထူးမှထုတ်ပယ်ခံရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

နည်းပြပေါ်တာသည် ပြီးခဲ့သည့်ဘောလုံးရာသီ ကုန်ဆုံးခါနီးတွင် ဝက်စ်ဟမ်းအသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက နည်းပြပေါ်တာ လက်အောက်တွင် ရလဒ်ကောင်းရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် ပရီးမီးယားလိဂ် ပွဲစဉ် (၁)တွင်လည်း ဝက်စ်ဟမ်းအသင်းသည် တန်းတက် ဆန်းဒါးလန်းအသင်းနှင့်ကစားခဲ့ရာတွင် သုံးဂိုးပြတ်ဖြင့် အရှက်တကွဲ ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက နည်းပြပေါ်တာကို ရာထူးမှထုတ်ပယ်ပေးရန်တောင်းဆိုခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီပရီးမီးယားလိဂ်တွင် ထုတ်ပယ်ခံရမည့် ပထမဆုံးနည်းပြအဖြစ် ရေပန်းစားလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ဂိုးသမားများအတွက် စည်းမျဉ်းသစ်ကို ယခုနှစ်ဘောလုံးရာသီတွင် စတင်ကျင့်သုံး

**လန်ဒန် ဩဂုတ် ၁၈**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ဂိုးသမားများအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းသစ်ကို ယခုနှစ်ဘောလုံးရာသီတွင် စတင်ကျင့်သုံးခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ် (၁)အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင် အသုံးပြုခဲ့သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က မလိုလားအပ်ဘဲ ပွဲချိန်ကြန့်ကြာမှုများမဖြစ်စေရန်နှင့် ပွဲချိန်အလေအလွင့် နည်းပါးစေရန် ထိန်းချုပ်မှုများ လုပ်ဆောင်လာခဲ့ပြီးနောက် ဂိုးသမားများအတွက်လည်း စည်းမျဉ်းသစ်ရေးဆွဲပြီး ယခုနှစ်ဘောလုံးရာသီ၌ စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။



အစောပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အနိုင်ရရှိသည့်အသင်းမှ ဂိုးသမားများအနေဖြင့် ပွဲချိန် ကြန့်ကြာစေရန်အတွက် ဘောလုံးပိုင်ဆိုင်ထားချိန်တွင် လက်အတွင်း ဘောလုံးကို မိနစ်ကြာသည်ထိ ကိုင်ဆောင်ထားပြီး ပွဲချိန်ဖြုန်းတီးသည့် နည်းဗျူဟာကို အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က အဆိုပါနည်းလမ်းကို ထိန်းချုပ်နိုင်ရန် ဂိုးသမားများအတွက် စည်းမျဉ်းသစ်တွင် ဘောလုံးလက်ခံရရှိချိန်၌ ဘောလုံးကို လက်အတွင်း ရှစ်စက္ကန့်ထက်ပိုမိုကိုင်ဆောင်ထားပါက ထောင့်ကန်ဘော စတင်ပေးရမည်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁)အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင် ဘန်လေအသင်းဂိုးသမား ဒူဘရာကာသည် ဘောလုံးကို လက်ထဲတွင် ရှစ်စက္ကန့်ထက် ကြာအောင် ကိုင်ဆောင် ထားသည့်အတွက် စပါးအသင်းအနေဖြင့် ထောင့်ကန်ဘောကန်ခွင့်ရရှိခဲ့ပြီး ဂိုးသမားများအတွက် စည်းမျဉ်းသစ်ကို ပထမဆုံးအကျုံးဝင်ခဲ့သည့် ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# အာဆီယံယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (B)၌ ကျရောက်

**ရန်ကုန် ဩဂုတ် ၁၈**

အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအသင်းသည် အုပ်စု (B)၌ ကျရောက်လျက်ရှိနေကြောင်း သိရသည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းနှင့်အတူ ဩစတြေးလျအသင်း စသည့် ကိုးသင်းဖြင့် သုံးသင်းပါ သုံးအုပ်စုဖြင့်ကျင်းပသွားမည်ဖြစ်ကာ အုပ်စုပွဲစဉ်များအပြီးတွင် သုံးအုပ်စုမှ အုပ်စုပထမ သုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ တစ်သင်းမှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းနှင့် တီမောလက်စ်တေအသင်း၊ အုပ်စု (B)တွင် ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ အုပ်စု (C)တွင် ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့် ဩစတြေးလျအသင်းတို့ပါဝင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# လူသားတို့နှင့် စိတ်ကျန်းမာရေး

**မောင်သောင်းဝင်း(တမန်ဟောင်း)**

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည့်အတိုင်း ကျန်းမာရေးသည် လူသားတိုင်းအတွက်များစွာအရေးပါလျက်ရှိသည်။ ကျန်းမာခြင်းဆိုသည်မှာ ရောဂါဝေဒနာကင်းရှင်း၍ ကိုယ်အင်္ဂါချို့ယွင်းမှုမရှိရုံမျှမက ကိုယ်ကျန်းမာရေးနှင့်ပြည့်စုံခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံမှုအဆင်ပြေကောင်းမွန်ခြင်း တို့ဖြစ်သည်။

လူတို့သည် ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့ဖြင့် ပြည့်စုံနေမှသာလျှင် ကျန်းမာခြင်းအဓိပ္ပာယ်ပြည့်စုံနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူတစ်ဦးသည် စိတ်နှင့်ကိုယ်ကျန်းမာနေမှသာလျှင် စိတ်ချမ်းမြေ့မှုကို ရရှိမည်ဖြစ်သည်။ စိတ်ကျန်းမာရေးသည် လူတစ်ဦးချင်းစီ၏ တွေးခေါ်ပုံ၊ ပြုမူပုံနှင့်မတူညီသော ဘဝလိုအပ်ချက်များနှင့် အပြောင်းအလဲများကို ထိန်းညှိပေးသည့် အလုံးစုံသောကျန်းမာရေးပင်ဖြစ်သည်။

**စိတ်ကျန်းမာရေးနှင့်ဆက်စပ်နေ**

လူတို့သည် စိတ်၏လှုပ်ရှားမှုနှင့်ခန္ဓာကိုယ်၏တုံ့ပြန်မှုတို့သည်ဆက်စပ်လျက်ရှိသည်။စိတ်ပျိုကိုယ်နုဆိုသောစကားနှင့်အညီ ကျန်းမာခြင်း၊ ခွန်အားသန်စွမ်းခြင်း၊ နုပျိုလန်းဆန်းခြင်းတို့သည် စိတ်၏လန်းဆန်းပျော်ရွှင်မှု၊ ပူပင်သောကကင်းမှု၊ စိတ်တည်ငြိမ်မှုတို့အပေါ်တွင် မူတည်နေသည်။ စိတ်လှုပ်ရှားမှုဖြစ်စဉ်များကြောင့် ကိုယ်ခန္ဓာ၏လုပ်ငန်းဆောင်တာအဝဝတွင် ချို့ယွင်းလာမှုများရှိလာကြောင်းကို ဆေးပညာရှင်များ သိရှိလက်ခံထားကြသည်။ စိတ်ညစ်ညူးခြင်း၊ စိုးရိမ်မှုလွန်ကဲခြင်း၊ စိတ်လှုပ်ရှားမှုပြင်းထန်ခြင်း၊ ကြောက်လန့်ခြင်း၊ ဒေါသထွက်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ကြောင့် ခန္ဓာကိုယ်၏ပုံမှန်လုပ်ငန်းဆောင်တာများ ချို့ယွင်းပြီးဝေဒနာအစုံစုံ၊ ရောဂါအဖုံဖုံတို့ဖြစ်လာစေနိုင်သည်။

စိတ်လှုပ်ရှားမှုနှင့် ပူပင်သောကရောက်မှု လွန်ကဲလျှင် ဦးနှောက်အတွင်းအပြင်သွေးကြောများဖောင်းပွလာပြီး ခေါင်းကိုက်ခြင်းခံစားရလေ့ရှိသည်။ စိတ်ကြောင့် အစာအိမ်ဖောင်းပွကာ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး လေပွ၍မအီမသာခံစားရလေ့ရှိခြင်း၊ လေထိုးလေအောင့်၊ အစာအိမ်ရောဂါရစေခြင်းတို့ဖြစ်စေနိုင်သည်။ စိတ်ပူပင်သောက ထိတ်လန့်စိုးရွံ့မှုများလွန်းလျှင် စိတ်ပူပင်လွန်ဥပါဒါန်ရောဂါဟုခေါ်သည့် စိတ်ရောဂါတစ်မျိုးကိုရစေနိုင်သည်။ ထို့ပြင် အရေပြားရောဂါ၏ ၃၀ ရာခိုင်နှုန်းခန့်သည် စိတ်ကြောင့်ဖြစ်ကြောင်း သုတေသနပြုချက်များအရ သိရသည်။

**စိတ်ရောဂါဆိုသည်မှာ**

လူသားများ၏ စိတ်ကျန်းမာရေးတွင် ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုဆက်ဆံရေးပိုင်းဆိုင်ရာစသည့် အချက်များပါဝင်သည်။ ကိုယ်ကျန်းမာနေရန် လိုအပ်သကဲ့သို့စိတ်ကျန်းမာနေရန်လည်း များစွာအရေးကြီးလှပေသည်။ အဖြစ်များသော စိတ်ရောဂါများမှာ စိတ်ဓာတ်ကျခြင်း၊ စိတ်ကျစိတ်ကြွဖြစ်ခြင်း၊ စိတ်ဒဏ်ရာရခြင်း၊ အစွဲကြီးခြင်းတို့ဖြစ်သည်။ စိတ်ရောဂါသည် စိတ်ဖိစီးမှုများကိုကိုင်တွယ်ဖြေရှင်းပုံနှင့် ရွေးချယ်မှုများအပေါ်မူတည်ပြီး အမျိုးမျိုးပြောင်းလဲနိုင်သည်။ အဆိုးဆုံးမှာ မိမိကိုယ်ကိုအန္တရာယ်ပြုခြင်းနှင့် ရန့်ရင်းကြမ်းတမ်းသော အတွေးများဝင်လာနိုင်သည်။

**စိတ်ရောဂါဖြစ်စေသော အကြောင်းတရားများနှင့် စိတ်ရောဂါလက္ခဏာများ**

စိတ်ရောဂါဖြစ်စေသော အကြောင်းများစွာအနက် အဖြစ်များသော အကြောင်းများမှာ ကာလကြာရှည်စွာ စိတ်ဖိစီးစရာများရှိခြင်း၊ ပြင်းထန်သောမတော်တဆမှုဖြစ်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများနှင့် အရွယ်ရောက်ပြီးသူများကို အကြမ်းဖက်ခြင်း၊ မျိုးရိုးလိုက်ခြင်း၊ ဦးခေါင်းထိခိုက်မိခြင်း၊ သီးခြားနေခြင်း၊ အထီးကျန်ခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ အလုပ်ပြုတ်သွားခြင်း၊ ခွဲခြားဆက်ဆံမှုများခံရခြင်း၊ ဦးနှောက်တွင် မွေးရာပါချို့ယွင်းချက်များရှိနေခြင်း၊ နာတာရှည်ရောဂါများခံစားနေရခြင်း၊ ကလေးဘဝနှင့် လူနေမှုပုံစံများမူမမှန်ခြင်း၊ ကျောင်းနှင့်အလုပ်ခွင်တို့တွင် အဆင်မပြေခြင်း၊ အရက်သေစာအလွန်အကျွံသောက်စားခြင်းတို့ဖြစ်သည်။

စိတ်ကျန်းမာရေး ရောဂါလက္ခဏာများမှာ ဝမ်းနည်းခြင်း၊စိတ်ဓာတ်ကျခြင်း၊ ထင်ယောင်ထင်မှားဖြစ်ကာ အသံများကြားခြင်း၊ ရုပ်များမြင်နေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ အာရုံများရှုပ်ထွေးခြင်း၊ အစိုးရိမ်လွန်ခြင်း၊ ကြောက်လွန်းခြင်း၊ မိမိကိုယ်ကို

**❖ လူသားများအနေဖြင့် မိမိမျှော်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာစေရန် ကြိုးစားရာတွင် နည်းမှန်လမ်းမှန်နှင့်အကောင်းဆုံး ချဉ်းကပ်လုပ်ကိုင်သင့်သည်။ အကောင်းဆုံးကို မျှော်လင့်ထားသကဲ့သို့ အဆိုးဆုံးကိုလည်း ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသင့်သည်။ ဘာသာတရားတစ်ခုခု လက်ကိုင်ထားသင့်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် တရားရှုမှတ်ခြင်း၊ တရားထိုင်ခြင်း ၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများရွတ်ဆိုပူဇော်ခြင်းတို့ လုပ်ဆောင်၍ စိတ်အေးချမ်းအောင် နေထိုင်သင့်သည်။ ❖**

အပြစ်တင်ခြင်း၊ စိတ်အတက်အကျမြန်ခြင်းနှင့်မိမိကိုယ်ကိုသေကြောင်းကြံစည်ခြင်းတို့ပင် ဖြစ်ပါသည်။

လူတစ်ဦးသည် စိတ်ရောဂါဖြစ်လာပြီဆိုလျှင် ရုပ်ပိုင်းဆိုင်ရာနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာပြောင်းလဲမှုများရှိလာပြီး ဆေးလိပ်၊ အရက်ကို အလွန်အကျွံသောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မိသားစုဝင်များ၊ အပေါင်းအသင်းများကိုအော်ဟစ်ခြင်း၊ ရန်လိုခြင်းတို့ကြောင့် မိသားစုဝင်များကြားတွင် ပြဿနာများဖြစ်လာခြင်းနှင့်လိင်မှုကိစ္စဆိုင်ရာစိတ်အခြေအနေများ ပြောင်းလဲလာခြင်းတို့ဖြစ်ပေါ်နိုင်သည်။

စိတ်ရောဂါဝေဒနာရှင်တစ်ဦးအနေဖြင့် မိမိတွင် စိတ်ရောဂါစွဲကပ်နေသည်ကို များသောအားဖြင့်မသိချေ။ စိတ်ဝေဒနာခံစားရသူများသည်သတိ၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု၊ စဉ်းစားဉာဏ်၊ ကိုယ်ရည်ကိုယ်သွေးတို့လျော့နည်းလာလေ့ရှိသည်။ ကိုယ်နှုတ်အမူအရာအနေအထိုင်အမျိုးမျိုး ပြောင်းလဲနေတတ်သည်။ တချို့သည် ဂနာမငြိမ်၊အမြဲလှုပ်ရှားနေတတ်၍ တချို့မှာ စကားလုံးဝမပြောဘဲ မလှုပ်မရှားနေတတ်သည်။ တချို့သည် အမှန်တကယ်မဟုတ်ဘဲ တစ်စုံတစ်ခုကမိမိကို အမြဲတမ်းလှမ်းမိုးချုပ်ချယ်နေသည်ဟုဆိုသည်။ အယူအဆအတွေးအခေါ်များလည်း မှားယွင်းနေးကွေးလာပြီး စကားပြောဆိုရာတွင်မှုမမှန်ခြင်း၊ အလုပ်တစ်ခုခုကို ထပ်ခါတလဲလဲလုပ်ကိုင်တက်ခြင်းတို့ပြုလုပ်တတ်ကြသည်။ မရှိသည့်အရာကိုအရှိထင်၊ မဟုတ်သည်ကိုအဟုတ်ထင်၍ သူတစ်ပါးက ရှင်းလင်းပြသ၍လည်း နားမဝင်တတ်တော့ပေ။

**ကုသမှုခံယူသင့်**

ထို့ကြောင့် စိတ်ဝေဒနာမဖြစ်စေရန် တတ်နိုင်သမျှ ဆင်ခြင်ကာကွယ်သွားရန်လိုအပ်သည်။ စိတ်ရောဂါဖြစ်မည်ဟု သံသယရှိပါကလည်း ဆောလျင်စွာ မှန်ကန်ထိရောက်သော ဆေးကုသမှုခံယူထားရန်လိုအပ်သည်။ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေး၊ အရက်တို့ကို မသောက်သင့်ပေ။

စိတ်ရောဂါဝေဒနာရှိလျှင် မိသားစုဆရာဝန်နှင့်ပြသသင့်သည်။စိတ်ရောဂါဖြစ်ပွားသည့်မျိုးရိုးရှိလျှင် အိမ်ထောင်ဖက်ရွေးချယ်ရာတွင် စိတ်ရောဂါမျိုးရိုးမရှိသူကိုသာ ရွေးချယ်သင့်သည်။ စိတ်ရောဂါမျိုးရိုးရှိသူအချင်းချင်းအိမ်ထောင်ပြုပါက မွေးဖွားမည့်သားသမီးများ စိတ်ရောဂါဖြစ်ရန်များသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ အဆိုအရကမ္ဘာပေါ်၌ လူဦးရေသန်းပေါင်း ၄၅၀ ခန့်သည် စိတ်မူမမှန်မှုများကို ခံစားနေကြရပြီး စိတ်မူမမှန်မှုဖြစ်စဉ်များခံစားနေရသူများ၏ သုံးပုံနှစ်ပုံသည်ဆေးကုသမှုမခံယူဘဲနေကြသည်။ ထို့ကြောင့် စိတ်ဝေဒနာဖြစ်ပေါ်နေသည်ဟု သံသယဖြစ်လျှင်ဖြစ်စေ လူတစ်ဦးတွင် စိတ်ရောဂါဝေဒနာခံစားနေရလျှင်ဖြစ်စေ မိသားစုဆရာဝန်နှင့်ပြသသင့်သည်။ လိုအပ်ပါက စိတ်ရောဂါကုဆရာဝန်များနှင့် ကုသပေးသင့်သည်။

စိတ်ပိုင်းဆိုင်ရာရောဂါများကို ထိရောက်စွာကုသမှုခံယူရန်လိုအပ်သည်။ စိတ်ပိုင်းဆိုင်ရာရောဂါများအတွက် ထိရောက်သောကုသမှုများရှိသည်။ ရုပ်ပိုင်းဆိုင်ရာရောဂါနှင့် အခြားအခြေအနေများရှိ၊ မရှိစသည်တို့အပေါ်မူတည်ပြီး ဆေးဝါးဖြင့်ကုသမှုများ၊ စိတ်ပိုင်းဆိုင်ရာကုထုံးဖြင့်ကုသမှုများ၊ ရုပ်ပိုင်းဆိုင်ရာရောဂါအခြေအနေ အကြောင်းရင်းများကို ကုသမှုစသည်တို့ကို လိုအပ်သလိုပေါင်းစပ်ပြီး ကဏ္ဍစုံဖြင့်ချဉ်းကပ်ကုသသည့်နည်းလမ်းဖြင့် ကုသမှုပေးရမည်။ အချို့သော စိတ်ပိုင်းဆိုင်ရာရောဂါများသည် ကာလတာရှည် ကုသမှုခံယူရန် လိုအပ်သည်။

**ကာကွယ်တားဆီးခြင်း**

လူမှုအသိုက်အဝန်းအတွင်း စိတ်ကျန်းမာရေးအခြေအနေကောင်းမွန်တိုးတက်အောင် လုပ်ဆောင်ခြင်းနှင့်စိတ်ပိုင်းဆိုင်ရာရောဂါများကို ကာကွယ်တားဆီးခြင်းသည် ကဏ္ဍအသီးသီးပါဝင်သည့်ကျယ်ပြန့်သော ကိစ္စတစ်ခုဖြစ်သည်။ အဆိုပါ လုပ်ဆောင်မှုများတွင် စိတ်ကျန်းမာရေးနှင့်စိတ်ပိုင်းဆိုင်ရာရောဂါများစပ်လျဉ်းပြီး လူထုအတွင်းသတိပြုစိတ်ဝင်စားမှုမြှင့်တင်ပေးရန် လုပ်ဆောင်ခြင်း၊ ကိုယ်ဝန်ဆောင်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း၊ ကလေးဘဝအတွင်း ဆိုးဝါးသောဖြစ်စဉ်များ ကြုံတွေ့ရမှုများကို ကာကွယ်နိုင်ရန်လုပ်ဆောင်ခြင်း၊ ကျောင်းတွင်းဆက်ဆံရေး၊ လုပ်ငန်းခွင်ဆက်ဆံရေးစသည်တို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ အသက်အရွယ်ကြီးရင့်သူများအတွက် ပြုစုစောင့်ရှောက်မှုအစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊ လူမှုကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အရက်၊ မူးယစ်ဆေးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် အခြားဆေးများရရှိ၊ သုံးစွဲမှုလျှော့ချနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း တို့ဖြစ်သည်။

လူသားများအနေဖြင့် မိမိမျှော်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာစေရန် ကြိုးစားရာတွင် နည်းမှန်လမ်းမှန်နှင့်အကောင်းဆုံးချဉ်းကပ်လုပ်ကိုင်သင့်သည်။ အကောင်းဆုံးကို မျှော်လင့်ထားသကဲ့သို့ အဆိုးဆုံးကိုလည်းရင်ဆိုင်နိုင်ရန်ပြင်ဆင်ထားသင့်သည်။ ဘာသာတရားတစ်ခုခုလက်ကိုင်ထားသင့်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် တရားရှုမှတ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများရွတ်ဆိုပူဇော်ခြင်းတို့လုပ်ဆောင်၍စိတ်အေးချမ်းအောင်နေထိုင်သင့်သည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လူဦးရေနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်စေရေးအတွက် ဆောင်ရွက်ရာ၌ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည်လည်းများစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည်အရေးကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုသက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်သည်။

ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုသည် လွန်စွာအရေးကြီးပါသည်။

ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ ဟူသည့်အတိုင်း နိုင်ငံတော်အစိုးရသည် ပြည်သူလူထုအတွက်ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။အထူးသဖြင့်ပြည်သူများ၏ စိတ်ကျန်းမာရေးအတွက် အလေးထားကာလုပ်ဆောင်ပေးလျက်ရှိပါသည်။ သို့မှသာလျှင် အနာဂတ်တွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည် စိတ်ရောဂါကိုယ်ပါကျန်းမာသည့်ဘဝများကို ပိုင်ဆိုင်ပြီး သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


(၁) စိတ်ကျန်းမာရေးအလေးပေး (ဒေါက်တာလွင်သန့်)။

(၂) Mental Health and Mental Disorders (စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများ) – CLL HEALTH

# ကိုလူဆိုးလေး ကျွန်မချစ်သူ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်




**ရန်ကုန် ဩဂုတ် ၁၈**

M Entertainment Channel ရုပ်မြင်သံကြားလိုင်းနှင့် M Entertainment YouTube Channel မှ ကိုလူဆိုးလေးကျွန်မချစ်သူအမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူး ဖန်တီးထားသည့် ဒါရိုက်တာ နိုရာကိုထံမှ သိရသည်။

အဆိုပါ ကိုလူဆိုးလေး ကျွန်မချစ်သူ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရွှေရည်ရွှန်းလဲ့က ရေးသားထားပြီး ဒါရိုက်တာနိုရာကိုက Bonanza ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ရိုမန့်တစ်ဆန်ဆန် လူငယ်အချစ်ဇာတ်လမ်းလေးပါ။ ဥစ္စာပေါ ရုပ်ချော ခပ်ဆိုးဆိုး ညီအစ်ကို သုံးယောက်ထဲက ဘယ်တစ်ယောက်က မေတိုးခိုင်အတွက် ကိုလူဆိုးလေး ကျွန်မချစ်သူဖြစ်လာမလဲ။ မေတိုးခိုင်တစ်ယောက် ကိုယ်လူချော သုံးယောက်ကြား ဘယ်လိုဗျာများနေရမလဲဆိုတာ မကြာခင် ကြည့်ရှုရပါတော့မယ်"ဟု ဒါရိုက်တာ နိုရာကိုက ပြောပြသည်။

အဆိုပါ ကိုလူဆိုးလေး ကျွန်မချစ်သူ ဇာတ်လမ်းတွဲတွင် စည်သူရဲထွဋ်၊ စစ်မင်းထက်၊ ဟိန်းသစ်စ၊ မင်းသူ၊ ဇော်ဦး၊ မေတိုးခိုင်၊ ခင်ဇာခြည်ကျော်၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ နွေးနွေးချစ်ဖွယ်၊ ဒေါင်းဝေ၊ မမဇင်နှင့် အခြားသရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။

ကိုလူဆိုးလေး ကျွန်မချစ်သူ ဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှ စတင်ကာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် M Entertainment Channel ရုပ်သံလိုင်းနှင့် M Entertainment YouTube Channel တို့မှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Road House-2 ဇာတ်ကား၌ မင်းသမီး လိုင်လာဂျော့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဩဂုတ် ၁၈**

Amazon MGM စတူဒီယို၏ Road House-2 ဇာတ်ကားတွင် မင်းသမီး လိုင်လာဂျော့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

Road House-2 ဇာတ်ကားတွင် လိုင်လာဂျော့သည် မင်းသား ဂျိတ်ဂျီလန်ဟေး၊ ဒွေဘာတစ္စတာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Road House-2 ၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်သည်။

Road House-2 ဇာတ်ကားကို ဒါရိုက်တာ အီလျာနေရှူလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်လမ်းကို ဝိဘီအောက ရေးသားပေးထားသည်။

မူလ Road House(2024) ဇာတ်ကားကို ဒါရိုက်တာ ဒေါက်ကလပ်လီမင်က တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသား ဂျိတ်ဂျီလန်ဟားကပင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ခဲ့သည်။

Road House-2 ဇာတ်ကားစတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်အချိန်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden Hotel တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဩဂုတ် ၁၈**

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဩဂုတ် ၂၉ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden Hotel တွင် ဩဂုတ် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Mercury IX Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ပရိသတ်အတွက် တီးခက်တင်ဆက်ပေးမဲ့ Mercury IX Band နဲ့ အတူ ကြိုတင်စီစဉ်မှုတွေလုပ်နေပါတယ်။ Mercury IX Band ရဲ့ ပင်တိုင်အဆိုတော်တွေလဲ ဝန်းရံပေးကြအုံးမှာ ဖြစ်တဲ့အတွက် သီချင်းတွေကို တဝကြီးနားထောင်ဖို့ တချို့တချို့တွေကတော့ နေရာတွေယူပြီးနေကြပြီဗျာ နောက်မကျစတန်း ဆက်သွယ်နေရာယူပေးကြပါအုံး"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

အဆိုပါ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden Hotel ၌ ဩဂုတ် ၂၉ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# The Ascendants ဇာတ်ကားကို ဒါရိုက်တာ ပက်ဒရင်းလိုပက် တာဝန်ယူရိုက်ကူးမည်ဖြစ်

**နယူးယောက် ဩဂုတ် ၁၈**

The Ascendants အမည်ရှိ စိတ္တဇထိတ်လန့်သည်းဖိုဇာတ်ကားကို ဖိလစ်ပိုင်ဒါရိုက်တာ ပက်ဒရင်းလိုပက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

The Ascendants ဇာတ်ကားသည် ကလေးဘဝဇာတိမြို့ပေါ်သို့ ပြန်လည်ရောက်ရှိလာသည့် အမျိုးသမီးသတင်းထောက်တစ်ဦး ကြုံတွေ့ရမည့် ချောက်ချားဖွယ်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Ascendants ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုလည်း ဖိလစ်ပိုင်ဒါရိုက်တာ ပက်ဒရင်းလိုပက်ကပင် ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ဗြိတိန်နိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် ဩစတြေးလျမင်းသား ခရစ္စတီယန်လာဗင်၊ ဂျွန်ဂျာရက်နှင့် အမေရိကန်နိုင်ငံဖွား အင်ဒိုနီးရှားမင်းသမီး ချယ်ဆီးအစ္စလန်းတို့ ပါဝင်မည်ဖြစ်သည်။

The Ascendants ဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။


**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် ရဲလေး၊ ဟဲလေး၊ ထွန်းထွန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို အလုံမြို့နယ်ရှိ Modern Radio Bar တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဩဂုတ် ၁၈**

တေးသံရှင် ရဲလေး၊ ဟဲလေး၊ ထွန်းထွန်းတို့၏တေးဂီတဖျော်ဖြေပွဲကို အလုံမြို့နယ် Modern Radio Bar ၌ ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဟဲလေးထံမှ သိရသည်။




အဆိုပါ တေးသံရှင် ရဲလေး၊ ဟဲလေး၊ ထွန်းထွန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို Modern Radio Bar ၌ ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကာ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Lucky Hand Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရဲလေး၊ ထွန်းထွန်း တို့နဲ့တွဲပြီး အပြတ်ကဲမဲ့ အမှတ်တရ ညတစ်ညကို အလုံက Modern Radio မှာစီစဉ်ထားပါတယ်။ Band ကတော့ Lucky Hand Music Band နဲ့ပါ။ Modern Radio ရဲ့ ပင်တိုင်အဆိုရှင်တွေအပြင် DJ တွေရဲ့ အလန်းစားဖန်တီးချက်တွေနဲ့လဲ မြိုင်နေအုံးမဲ့ညမို့ လာခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင်ဟဲလေးက ပြောပြသည်။

အဆိုပါ တေးသံရှင် ရဲလေး၊ ဟဲလေး၊ ထွန်းထွန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို Modern Radio Bar ၌ ဩဂုတ် ၃၀ ရက် ည ၇ နာရီတွင်စတင်ကာ ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers address to officers, other ranks, families in Magway Station



Senior General Min Aung Hlaing meets officers, other ranks and families of Magway Station.

**Nay Pyi Taw August 18**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing delivered an address to officers, other ranks and families of Magway Station, Central Command, at the hall of the station this afternoon.

Also present at the meeting were Daw Kyu Kyu Hla, the wife of the Senior General, Commander-in-Chief (Air) General Tun Aung and his wife, senior officers from the office of Commander-in-Chief of Defence Services and their wives, the commander of Central Command and his wife, officers, other ranks and families of Magway Station.

The Senior General delivered an address, saying he visited Magway Station frequently and delivered addresses and the Tatmadaw had to assume State responsibilities due to voting irregularities in the 2020 multi-party general election. Opposition political parties that did not want to work with the Tatmadaw politically committed irregularities to win the election. It could be seen that the country adopted a parliamentary system after regaining independence and centralization under socialism later. Political differences led to internal instabilities and the country had to overcome crises. During such periods, the Tatmadaw had to take measures for the stability of the country.

The biggest challenge during political instabilities were separatist activities in states. As the country faced political differences, there were rivalries between the socialism and democratic systems in the international arena. During that period, the SEATO was formed in Southeast Asia. There were rivalries between communism and democratic systems, according to historical evidence.

During the times when the country took the path under socialism, there were political differences, which were caused by restrictions imposed on private businesses under socialist economic systems. Similarly, unity also collapsed in the administrative sector.

In 1988, the Tatmadaw had to assume State responsibilities and took measures to take the path of the democratic system. An election was held in 1990 under unicameral Hluttaw and steps were taken to draft a constitution. A constitutional assembly was formed to draft the 1947 constitution. Similarly, the 1990 election was held to draft a constitution.

The Tatmadaw exerted efforts to enable the country to take the multi-party democratic path aspired by the people and the constitution (2008) was drafted before approving it at a referendum. In 2010, the country began to adopt multi-party democracy and the Tatmadaw has continued to make efforts to enable the country to move forward along the democratic path firmly.

During the term of the first democratic government, efforts were made to take the democratic path firmly. During the tenure of the second democratic government, state responsibilities were carried out under foreign interference of so-called democracy liberalism and foreign advisors were appointed. Rhetoric and instigation causing hatred against the Tatmadaw were made explicitly or implicitly. Similarly, the country faced a total failure in economic, administrative and other various sectors because it failed to carry out its tasks successfully. Importantly, attempts were made to reject the centrality of the Tatmadaw based on hatred over past events.

The second democratic government attempted to cause voting irregularities in the 2020 multi-party democracy general election to retain its hold on power. The Tatmadaw urged it to solve the voting irregularities repeatedly but it refused to do so and attempted to retain the State power forcefully. Therefore, the Tatmadaw had to assume State responsibilities by declaring a state of emergency in the country.

When we assumed state responsibilities, protests and demonstrations occurred, leading to violent attacks and killings. These issues, arising from political disagreements, must be resolved politically. To conduct elections, a population and household census was carried out in 2024 to ensure accurate voter lists. It was announced today that the election will commence on December 28.



Senior General Min Aung Hlaing comforts a patient.

Regarding amendments to the constitution, the Tatmadaw agrees to make certain amendments in accordance with rules and regulations. The Tatmadaw will cooperate in ensuring a proper democratic system and will fulfill its duty to protect the nation. When the election is held and the winning party assumes state responsibilities, military representatives in the parliament will participate in national affairs. The Tatmadaw will also engage in the national political role assigned by the constitution and protect it. The military's role is not to engage in politics but to serve in national defense tasks.

All military personnel originate from the public, and the Tatmadaw is a part of the state. Therefore, it is necessary to carry out defense tasks to ensure the safety of the people's lives and property.

Due to weaknesses in education in our country, efforts are being made to improve educational standards. Weaknesses in education lead to deficiencies in individuals' thinking and foresight. Only when the country has an abundance of educated people can development efforts be advanced further. Educated youth with high critical thinking skills can contribute to the nation's stability and peace. The Tatmadaw has also worked to enhance the education of its personnel and their families. We must encourage our children to become educated youth capable of critical thinking.

In performing duties, mutual respect between ranks is essential to becoming good soldiers. During the election to be held in December, candidates should be selected based on their ability to serve the nation's interests with goodwill. Citizens should vote diligently to fulfill their duties as good citizens. International observers will also visit to monitor the election process. We must prepare to ensure that the incoming government can genuinely serve the nation's interests.

Subsequently, the Senior General provided food and supplies to officers, soldiers, and their families in the military region. The Senior General's wife also provided financial support to the military region's maternal and child welfare association, which was received by the station commander and his wife, respectively.

At the conclusion of the meeting, the Senior General, his wife, and entourage warmly greeted the attending officers, soldiers, and their families.

Afterward, the Senior General visited the local military hospital, meeting with officers, soldiers, militia members, and Myanmar Police Force personnel who were injured while performing national defense and security duties. He inquired about their injuries and recovery progress, offered words of encouragement, and addressed their needs.

The Senior General also inquired about the hospital's requirements and ensured that necessary support was provided.

Similarly, the Senior General's wife visited the families of the officers and soldiers receiving treatment at the hospital, inquired about their health conditions, offered words of encouragement, and provided food and supplies. 100

# Chairman of State Security and Peace Commission Senior General Min Aung Hlaing meets departmental officials, MSME entrepreneurs from Magway Region, and discusses regional development




Senior General Min Aung Hlaing meets departmental officials, and MSME entrepreneurs from Magway Region.

**Nay Pyi Taw August 18**

Chairman of State Security and Peace Commission Senior General Min Aung Hlaing met MSME entrepreneurs from Magway Region at the town hall in Magway and discussed production development.

Also present at the meeting together with the Senior General were SSPC member Joint Executive Chief General Ye Win Oo, union ministers U Min Naung, U Khin Maung Yi and Dr Charlie Than, Magway Region Chief Minister U Tint Lwin, senior military officers from Office of Commander-in-Chief, the Central Command commander, officials, members of the region cabinet, and departmental officials.

**Individual discussions on regional development undertakings presented**

The chief minister reported on ongoing undertakings for progress of oil crop cultivation, implementation of year-wise solar-powered river water pumping stations, plantation of windbreaker shade trees for greening the region and heat resistance, programs for erecting religious buildings, fast-growing tree plantations for bringing down temperatures in Chauk, opening of libraries in basic education schools, health and education promotion activities, development of regional products, operating river water pumping stations to ensure sufficient water supply, and dams that support greening activities, apart from ensuring sufficient water supply, undertakings for peace, stability and rule of law in the area, endeavours for development of agriculture and MSMEs in Magway Region, success of agricultural undertakings due to the acquirement of an adequate amount of rainfall, endeavours for meeting the cultivation target and further increasing per-acre yield, establishment of farming zones for progress of the farming industry, production industries that rely on local agricultural products, necessary loans for investments in MSMEs development, holding of MSME product fairs and opening of agriculture schools.

Elders from Magway and local MSME entrepreneurs report on the need to erect an all-weather freight-handling jetty on Magway bank of the Ayeyawady River, improvement of roads leading to Magway, State's involvement in upgrading textile factories to product quality products that may be supportive of cotton cultivation, assistance for seeking markets for onion, a kitchen crops produced in the region, availability of foreign quality potato species.

**Supplementary discussions**

In response, the Senior General said underground dam project needs continuation as it ensures sufficient water supply and environmental greening. Roads will be improved as per the rule for smooth transportation. Cultivation of long staple cotton will ensure high quality products. MSMEs must rely on local goods for their products. The region must produce more cotton to manufacture cotton fabrics. Edible crops export is permitted if it had no impact on local food demand.

**Sector-wise clarifications by union ministers**

Union ministers, U Min Naung, U Khin Maung Yi and Dr Charlie Than explained the ongoing ministry-wise accomplishments, arrangements for local agriculture products to fetch reasonable prices and availability of quality potato species from abroad, cultivating long staple cotton to produce high quality cotton fabrics, establishment of river water pumping stations for further progress of crop industry, the need to develop wine production in Minbu and other areas which have successful vineyards, tree plantation and environmental conservation for greening of the region, State's endeavours for greening of the three dry districts through forest plantations and conservation, public involvement in haze reduction, need to grow long staple cotton for producing quality fabrics and machinery and financial requirements, and assistance for MSME development.

**Emphasize holding a free and fair election without frauds**

The Senior General said that he has frequently visited Magway City and has clearly explained the circumstances under which the Tatmadaw has carried out State responsibilities and set forth future action plans. The final point of these plans is to ensure that the rights of all eligible voters are fully protected and that a general election is conducted properly and fairly, in accordance with the correct procedures, so that the resulting government can be entrusted with State duties. They also noted that during the 2020 general election, irregularities occurred, and because these were not resolved in accordance with the law, a state of emergency had to be declared and state responsibilities carried out. When the voter lists were re-examined, errors and discrepancies in the voter lists were also identified.

For the upcoming general multiparty democratic election, efforts have been successfully carried out to a certain extent to ensure that accurate voter lists are obtained and that errors are prevented, based on the 2024 Population and Housing Census.

The Tatmadaw is an integral part of the State, and its members originate from among the people. The Tatmadaw has agreed to support moving forward along the multiparty democratic path desired by the people. Preparatory work is currently underway to ensure that a free and fair election can be held this December.

It was stated that after the election, representatives from ethnic groups and all levels of society will be broadly included in the Hluttaw. For this upcoming election, the Pyithu Hluttaw will use the FPTP system, while the Amyotha Hluttaw and the Region/State Hluttaws will use the mixed-member proportional (MMP) system. It was also noted that foreign countries have expressed support for holding elections in the country.

During the election, efforts must be made to ensure a free and fair process and to conduct an election free from irregularities. Therefore, arrangements are being made to enable voting using Myanmar Electronic Voting Machines (MEVMs), which are also being used in other countries. Those who wish to pursue the democratic system should cast their votes during the elections, and when voting, it is necessary to choose candidates who can truly serve the interests of their local areas and the nation.

Efforts must be collectively made to ensure a credible election and a credible Hluttaw. Therefore, the State will take measures to enable all eligible voters to cast their votes. The Constitution provides that, if possible, the election should be held in a single round. However, given the current situation in the country, some areas are not yet fully peaceful, and voters who are temporarily displaced or residing abroad will also be facilitated to cast their votes. The general multiparty democratic election will begin on 28 December and will be conducted in stages. During this process, measures will be taken to prevent any irregularities in voting.

**Efforts to develop agriculture and livestock processes**

Since our country's economy is based on agriculture and livestock,

*See Page14*



Senior General Min Aung Hlaing pays homage to the replica of the Great Myathalun Pagoda.



Senior General Min Aung Hlaing and Daw Kyu Kyu Hla make cash donation for the Great Myathalun Pagoda.

*From Page 13*

efforts must be made to develop and advance these sectors. Historically, agricultural and livestock production faced limitations, which led to shortages in exports and a tendency to extract natural resources. Excessive extraction and use of forest resources were also observed, while reforestation and conservation efforts were insufficient. Therefore, it is necessary to carry out reforestation and preservation of trees and forests, which are natural resources on the land.

Agricultural and livestock activities must be promoted to support the country's economic development. Cotton cultivation in Magway Region has declined. Since Magway Region is a primary cotton-growing area, efforts should be made to increase cotton production and develop cotton-based industrial products as a model. It was also noted that people have basic daily needs for food and clothing. Therefore, if cotton cultivation is expanded and textile production becomes possible, it will bring significant benefits to the region. Accurate record-keeping and data management related to agriculture must also be ensured.

Rice sufficiency in Magway Region has improved due to the current high paddy yields, and efforts should continue to further enhance this progress. Similarly, to support local food security, appropriate livestock—such as chickens, pigs, goats, sheep, and cattle—should also be raised in line with regional conditions. If the region can achieve the nationally set per-acre production targets, it will greatly contribute to local economic development. To ensure sufficient water for agricultural activities, water from the Ayeyawady River should be widely utilized through solar-powered river-lifting systems. This year, due to favorable rainfall during the rainy season, the Magway Region remains lush and fertile, which is a gratifying development.

There are suitable locations within the Ayeyawady River for constructing low-head dams. Building such dams would enable the generation of hydroelectric power and provide significant benefits for agricultural activities. Similarly, they would also support the transport of goods along the river, so planning should take into account the river's full length. Those who care for the region are encouraged to take a leading role in implementing these initiatives for the benefit of the local area.

The Senior General stated that the Magway Region requires knowledgeable and skilled human resources for its agricultural and farming sectors. Therefore, industrial and agricultural basic education schools are being opened to address this need. He emphasized that officials at all levels must strictly supervise efforts to ensure all school-aged children in the region attend school and to increase the number of educated people. He explained that only with knowledge can skills be acquired, and only when the region has an abundance of educated people can its economy be further developed. He stated that as the Magway Region has a sufficient number of universities and colleges, it is necessary to work with a special emphasis on producing the educated human resources needed for the region. He proudly noted the remarkable emergence of a student from Minbu, Magway Region, who achieved the highest marks nationwide, becoming "The Whole Myanmar First" in the 2024-2025 matriculation examination. He expressed his desire for other youths to make similar efforts.

The Senior General then stated that to improve life expectancy in the Magway Region, a healthy lifestyle is necessary. He added that the state is providing as much as possible to improve public health and that responsible officials must find and implement remedial methods to further increase residents' life expectancy. He clarified that his statements were intended to encourage the Magway Region to develop in all aspects and that he only discussed matters that are feasible for the region. He also stated that by stressing that for a region to develop, it is crucial for all residents to cooperate and work with a love for their region.

The Senior General announced that he has established three slogans: "Let us encourage production for prosperity of the Nation," "Let us ensure education sector for the development of the Nation," and "Let us protect our environment for the prosperity of the Nation." He explained that the nation's economy will only improve if domestic production is enhanced. He added that the development of educated human resources is a crucial requirement for a nation's progress, and thus, it is necessary to prioritize education. He also noted that because people appreciate lush greenery, there is a need to conserve the existing environment and plant more trees. He stressed that everyone must cooperate in conserving and planting trees to improve the environment for the sake of good mental well-being and concluded by expressing his wish for the Magway Region to develop even more.

Afterward, the Senior General toured the exhibition of agricultural and livestock products from Micro, Small, and Medium Enterprises (MSMEs). He showed keen interest in the displays of locally produced traditional medicines, household items, textiles, and foodstuffs. Following briefings from officials, he provided the necessary guidance and instructions.

**The Senior General paid homage to the Great Myathalun Pagoda**

Afterward, Senior General Min Aung Hlaing and his wife, Daw Kyu Kyu Hla, accompanied by the delegation, visited the Great Myathalun Pagoda, the pride of Magway. They paid homage to the pagoda and were greeted by members of the Board of Trustees.

After paying homage to the Great Myathalun Pagoda, Senior General offered flowers, water and oil lamps to the pagoda. He then signed the pagoda's guest book in reverence.

Afterward, the Senior General and his wife presented a comprehensive donation to the Great Pagoda. The Board of Trustees accepted the donation and, in return, presented them with a Dhamma gift.

Afterward, the Senior General and his wife toured the Great Pagoda clockwise, paying homage to the Buddha's tooth relic and the replica of the pagoda inside the Maha Atula Rathi pavilion. They then inspected the progress of the pagoda's platform expansion. Following presentations by officials, he provided the necessary guidance and instructions.

Then, Senior General and his delegation toured along the riverbank road in vehicles. They then arrived at Kantha Mingalar Lake, where they used buggy vehicles to tour along the lakeside road. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က Claymore မိုင်းတပ်ဆင်ထားသောဒရုန်းအသုံးပြု၍ အခြားဒရုန်းတစ်စင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့မှုသရုပ်ပြသ



အမေရိကန်ကြည်းတပ်သည် Claymore မိုင်းတပ်ဆင်ထားသော ဒရုန်းအသုံးပြု၍ အခြားဒရုန်းတစ်စင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့မှု သရုပ်ပြသနိုင်ခဲ့ကြောင်း NextGen Defense သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ကြည်းတပ်သည် Fort Rucker တပ်မြို့တွင် မကြာသေးခင်က ပြုလုပ်ခဲ့သောစမ်းသပ်မှုအတွင်း Claymore မိုင်းတပ်ဆင်ထားသော First-person-view(FPV)အမျိုးအစား Sky Raiderquadcopter ဒရုန်းတစ်စင်းအသုံးပြုပြီး အခြားဒရုန်းတစ်စင်းကို ပစ်မှတ်ထားကာ အောင်မြင်စွာတိုက်ခိုက်ဖျက်ဆီးပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

လက်နက်တပ်ဆင်ထားသော ဒရုန်းသည် ပစ်မှတ်အနီးသို့ ကပ်သွားပြီးနောက် Claymore မိုင်းကို ဖောက်ခွဲလိုက်ခြင်းဖြင့် ပစ်မှတ်ဒရုန်းကို တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းလည်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် အဆိုပါဒရုန်းနှင့် ထိန်းချုပ်စခန်းကြား အဆက်အသွယ်ခေတ္တပြတ်တောက်သွားခဲ့သော်လည်း ချက်ချင်းပြန်လည်ဆက်သွယ်နိုင်ခဲ့ကြောင်း သိရသည်။ ဤသည်မှာ Claymore မိုင်းတပ်ဆင်ထားသော First-person-view(FPV)အမျိုးအစား Sky Raiderquadcopter ဒရုန်းစနစ်သည် ယုံကြည်စိတ်ချရသောဝေဟင်မှ ဝေဟင်တိုက်ခိုက်ရေးစနစ်အဖြစ် အသုံးပြုနိုင်သည့်အပေါ် သက်သေပြချက်လည်းဖြစ်သည်။

"Fort Rucker တပ်မြို့ကောင်းကင်ယံမှာ အမေရိကန်ကြည်းတပ်ရဲ့ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် လက်နက်တပ်ဆင်ထားတဲ့ FPVဒရုန်းနဲ့ အခြားဒရုန်းတစ်စင်းကို လေထဲမှာပျက်စီးအောင် ဖျက်ဆီးခဲ့တာဖြစ်ပါတယ်"ဟု အမေရိကန်ကြည်းတပ်က ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်ပွဲဝင်စွမ်းဆောင်ရည်များ တိုးတက်ဖွံ့ဖြိုးရေးဌာနချုပ်၊ စစ်လက်နက်ပစ္စည်းများဗဟိုဌာန (Combat Capabilities Development Command Armaments Center)နှင့် ပူးပေါင်းပြီးပြုလုပ်ခဲ့သော အဆိုပါသရုပ်ပြစမ်းသပ်မှုသည် အမေရိကန်ကြည်းတပ်၏ Unmanned Aircraft Systems Summit (မောင်းသူမဲ့လေယာဉ်စနစ်များဆိုင်ရာ ညီလာခံ) မတိုင်မီပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါစမ်းသပ်မှုသည် ရန်သူ၏ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ခုခံကာကွယ်ရန်အတွက် သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် ပေါင်းစပ်၍ အလွှာလိုက်ချဉ်းကပ်မှုအပေါ် ကြိုးပမ်းလာသည့် အပြောင်းအလဲတစ်ရပ်ကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်။

ဒရုန်းများတွင် Claymore မိုင်းများ တပ်ဆင်အသုံးပြုလာခြင်းသည် အနိမ့်ပိုင်းပျံသန်းလာသော ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက်နှင့် တိုက်ခိုက်ရခက်ခဲသော စစ်မြေပြင်ပတ်ဝန်းကျင်မှ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ကုန်ကျစရိတ်သက်သာမည့် နည်းလမ်းတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

မျက်မှောက်ခေတ် စစ်မြေပြင်များတွင် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ လွှမ်းမိုးခြယ်လှယ်လာသည်နှင့်အမျှ ယခုစမ်းသပ်မှုသည် ဒေသတွင်းပဋိပက္ခများကို ထုဆစ်ပုံဖော်ရာတွင် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ၊ တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်များ၏အခန်းကဏ္ဍ ပိုမိုကြီးထွားလာနေခြင်းအပေါ် မီးမောင်းထိုးပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**US Army Pulls Off 'First-of-its-Kind' Drone-on-Drone Takedown ကို ဘာသာပြန်ဆိုထားပါသည်။**

## အာရှ-ပစိဖိတ်နိုင်ငံတစ်ခုက SMASH 3000 ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်ရာပေါင်းများစွာကို အစ္စရေးကုမ္ပဏီ မှာယူ

အာရှ-ပစိဖိတ် နိုင်ငံတစ်နိုင်ငံသည် အစ္စရေးကုမ္ပဏီ SMARTSHOOTER မှ SMASH 3000 ပစ်ခတ်မှု ထိန်းချုပ်ရေးစနစ်ရာပေါင်းများစွာကို မှာယူခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သတင်းရင်းမြစ်များအရ စစ်ရေးနှင့် နည်းပညာနယ်ပယ်တွင် ထင်ရှားရေပန်းစားသော အာရှ-ပစိဖိတ် နိုင်ငံများထဲမှ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဩစတြေးလျနိုင်ငံတို့သည် SMARTSHOOTER ၏ SMASH စနစ်များကို စိတ်ဝင်စားမှုရှိနိုင်သည့် နိုင်ငံသုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ဤသုံးနိုင်ငံသည် လောလောဆယ်ရရှိထားသော သတင်းအချက်အလက်၊ အခြေအနေများအပေါ် အခြေခံတွက်ချက်ထားခြင်းဖြစ်ပြီး နိုင်ငံအတိအကျကိုမူ ကုမ္ပဏီဘက်က တရားဝင်ထုတ်ပြန်ထားခြင်းမျိုးမရှိသေးကြောင်း သိရသည်။

ဤစနစ်များသည် မောင်းသူမဲ့လေယာဉ်ငယ်များကို တန်ပြန်ချေမှုန်းရေးများနှင့်မြေပြင်ပစ်မှတ်များကို တိကျစွာပစ်ခတ်နိုင်ရေးတို့အတွက် အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ မှာယူမှုများမပြုလုပ်မီ ဝယ်ယူသွားသည့်နိုင်ငံက စနစ်၏လုပ်ငန်းစွမ်းဆောင်ရည်ကို ကျယ်ကျယ်ပြန့်ပြန့်စမ်းသပ်စစ်ဆေးခဲ့ပြီး စွမ်းဆောင်ရည်အပေါ် အလွန်စိတ်ကျေနပ်မှုရှိကြောင်း ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံ Haifa မြို့အခြေစိုက်ကုမ္ပဏီက အဆိုပါမှာယူမှုသည် ၎င်းတို့၏နည်းပညာအပေါ်ယုံကြည်မှု ပေါ်ပေါက်လာနေသည့် စစ်မြေပြင်ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းရှိမှုတို့ကို ထင်ဟပ်ပြသနေပြီး ခြေလျင်စစ်သည်များအတွက် ကိုယ်ပိုင်ကာကွယ်ရေးကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

"ဒီမှာယူမှုဟာ SMASH 3000 ရဲ့ လုပ်ငန်းစွမ်းဆောင်ရည် တန်ဖိုးကို သက်သေပြနေတာဖြစ်ပြီး ဒီနေ့ခေတ်ပြောင်းလဲနေတဲ့စစ်မြေပြင်မှာ ပြိုင်ဘက်ကင်းတဲ့ တိကျမှန်ကန်မှုကို ပေးစွမ်းနိုင်ပါတယ်။ ဝယ်ယူသူရဲ့ လုပ်ငန်းလိုအပ်ချက်တွေပြောင်းလဲလာတာကို ကူညီပံ့ပိုးဖို့ မျှော်လင့်ပါတယ်။ ဒီအောင်မြင်မှုဟာ နောက်ထပ်မှာယူမှုတွေရရှိဖို့ လမ်းခင်းပေးလိမ့်မယ်လို့လဲ ယုံကြည်ပါတယ်"ဟု SMARTSHOOTER ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Michal Mor က ပြောကြားသွားခဲ့သည်။

SMARTSHOOTER ကုမ္ပဏီထုတ် SMASH စနစ်များသည် ဉာဏ်ရည်တု၊ ကွန်ပျူတာအမြင်အာရုံနှင့် အဆင့်မြင့်နည်းပညာများကိုပေါင်းစပ်ပြီး သမားရိုးကျသေနတ်များကို စမတ်ကျသော၊ တိကျမှန်ကန်စွာတိုက်ပွဲဝင်နိုင်စေသော လက်နက်ငယ်များအဖြစ် ပြောင်းလဲပေးနိုင်သည်။ စနစ်တွင် ပါဝင်ဖွဲ့စည်းထားသောကွန်ပျူတာကိုအသုံးပြုပြီး ပစ်မှတ်ကို အလိုအလျောက်မှတ်သားခြင်း၊ လှုပ်ရှားမှုကို ခြေရာခံကာ လျင်မြန်တိကျစွာ ပစ်ခတ်နိုင်ရန်အတွက် ပစ်ခတ်ရမည့် အချိန်ကို တစ်ပြိုင်တည်း ချိန်ညှိပေးနိုင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။ SMASH စနစ်များသည် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး အခြေအနေကြိုတင်သိမြင်နိုင်မှုအာရုံကို ပိုမိုကောင်းမွန်စေကာ ကျည်ဆန်တိုင်း ထိရောက်စေရန် သေချာစေမည်ဖြစ်သည်။ SMASH စနစ်များထဲမှ လက်ကိုင်၊ အဝေးထိန်းနှင့် မောင်းသူမဲ့မြေပြင်သွားယာဉ်များ၌ တပ်ဆင်အသုံးပြုနိုင်သည့်အမျိုးအစားများ ပါဝင်ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံသည် ဒရုန်းနည်းပညာ၊ ခေတ်မီလက်နက်စနစ်များကို ဝယ်ယူဖြည့်တင်းရေး သို့မဟုတ် ထုတ်လုပ်ရေးတို့တွင် စိတ်အားထက်သန်စွာလုပ်ဆောင်နေသည်။ ၎င်းတို့၏ နယ်ခြားလုံခြုံရေးနဲ့ ပြည်တွင်းအကြမ်းဖက်ခြိမ်းခြောက်မှုများအတွက် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ် လိုအပ်ချက်ကြီးမားလျက်ရှိသည်။ နောက်တစ်နိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် စစ်အင်အားနှင့် နည်းပညာအဆင့်မြင့်နိုင်ငံဖြစ်ပြီး လျင်မြန်သောနည်းပညာအပြောင်းအလဲများကို အမီလိုက်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်တို့ကဲ့သို့ မဟာမိတ်နိုင်ငံများနှင့် နီးကပ်စွာဆက်ဆံ၍ စစ်ရေးအသုံးစရိတ်ကို တိုးမြှင့်နေသည်။ ခေတ်မီစစ်လက်နက်များရရှိရန် စိတ်ဝင်စားမှုရှိနေပြီး SMASH စနစ်များကဲ့သို့ နည်းပညာမြင့်စနစ်များ ဝယ်ယူဖြည့်တင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Asia-Pacific User Buys Hundreds of SMARTSHOOTER SMASH 3000 Fire Control Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





မြသလွန်စေတီတော်မြတ်ကြီးအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

ရှေ့ဖုံးမှအဆက်

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို တစ်ဦးချင်းတင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများနှင့် အခြားသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်စေရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရလေကာပင်များစိုက်ပျိုးခြင်းနှင့် စေတီပုထိုးများတည်ထားကိုးကွယ်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့နယ်အတွင်း အပူဒဏ်လျှော့ချနိုင်ရန်အတွက် ကြီးမြန်သစ်ပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေများ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် မြေအောက်တမံများဆောက်လုပ်ပေးမှုကြောင့် ရေလုံလောက်စွာရရှိသည့်အပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိမှု၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်မိုးရာသီအတွင်း မိုးကောင်းစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်နိုင်မှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နိုင်မှုနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်မကွေးမြို့ရှိ မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များက ဧရာဝတီမြစ်ကြောင်းအတွင်း မကွေးဘက်ခြမ်း၌ ရာသီမရွေး ကုန်တင်ကုန်ချပြုလုပ်နိုင်သည့် သင်္ဘောဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှု၊ မကွေးမြို့နှင့် ဆက်သွယ်ထားသည့် မော်တော်ကားလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးနှင့် အဆင့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က ချည်မျှင်စက်ရုံများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မကွေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် မီးဖိုချောင်သုံးစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီအား ဈေးကွက်ရရှိရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း စိုက်ပျိုးရန်အတွက် ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြေအောက်တမံများဆောက်လုပ်ခြင်းကြောင့် ရေလုံလောက်စွာရရှိနိုင်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုနိုင်သဖြင့် ဆက်လက်၍ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဝါကုန်ကြမ်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအား ပြည်ပသို့တင်ပို့ခွင့်များအား ပြည်တွင်းစားသုံးမှုများကို မထိခိုက်ပါက တင်ပို့ခွင့်ပြုထားကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လို . . .**

**ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့် နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လို . . .**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြခန်းများ၌ ပြသထားရှိမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်းတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ထိုက်သင့်သည့်ဈေးနှုန်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မင်းဘူးဒေသနှင့် အခြားဒေသများတွင် စပျစ်စိုက်ပျိုးခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် အနာဂတ်ကာလတွင် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ဝိုင်စပျစ်စိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရန် လိုအပ်မှု၊ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ မီးခိုးမြူငွေ့များ လျှော့ချရေးအတွက် ပါဝင်ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်မှုနှင့် အခြားစက်ပစ္စည်းများနှင့် ငွေကြေးများလိုအပ်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

### လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့် မကွေးမြို့သို့ မကြာခဏရောက်ရှိခဲ့ပြီး မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိပြီးကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကန်သာမင်္ဂလာကန်တော်အတွင်း ဘာဂီမော်တော်ယာဉ်များဖြင့် ကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုစဉ်။

အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ချိန်တွင်လည်း မဲစာရင်းများ မှားယွင်းမှုများကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စွာရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှပေါက်ဖွားလာကြသူများဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်ကြောင်း၊ **ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။**

ရွေးကောက်ပွဲ ကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP- Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ပြည်ပနိုင်ငံများကလည်း ထောက်ခံအားပေးမှုများရှိကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အခြားနိုင်ငံတကာတွင်လည်း အဆိုပါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ **ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လို**ကြောင်း၊ ထိုသို့ **ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့်နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လိုကြောင်း။**

သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်ပါက တစ်ကြိမ်တည်းကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိကြောင်း၊ သို့သော် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ မရှိသေးကြောင်း၊ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်နေရလျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊**ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်**ပြီး အဆင့်လိုက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ပေါ်စေရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ အားနည်းချက်များရှိခြင်းကြောင့် ပို့ကုန်များအားနည်းချက်ရှိခဲ့ပြီး သယံဇာတပစ္စည်းများကိုသာ ထုတ်ယူသုံးစွဲခြင်းများ ပိုမိုများပြားခဲ့သည်ကို တွေ့ရကြောင်း၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲမှုများပြားခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုများ အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပေါ်သယံဇာတဖြစ်သည့် သစ်ပင်သစ်တောများအား ပြန်လည်စိုက်ပျိုး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းလာသည်ကို တွေ့ရကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါကိုအဓိကစိုက်ပျိုးသည့် ဒေသဖြစ်ကြောင်း ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို စံပြအဖြစ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လူအများ၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးသည် လိုအပ်ကြောင်း၊ ဝတ်ရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်ရှိပြီးဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ပြီး ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် လက်ရှိစပါးအထွက်နှုန်းများအရ ဆန်ဖူလုံမှုများ တိုးတက်ကောင်းမွန်လာသည်ကိုတွေ့ရပြီး ဆက်လက်၍ တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ ဒေသအတွင်း စားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွားများကိုလည်း မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ကသတ်မှတ်ထားသည့် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိစေရေး ဧရာဝတီမြစ်အတွင်းမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုနှစ်မိုးရာသီ၌ မိုးကောင်းစွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း။

ဧရာဝတီမြစ်အတွင်း Low-Head Dam များဆောက်လုပ်နိုင်သည့် နေရာများရှိကြောင်း၊ Low-Head Dam များ ဆောက်လုပ်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မြစ်ကြောင်းတစ်လျှောက် ကုန်စည်သယ်ယူပို့ဆောင်ခြင်းများကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အရှည်ကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသကို ချစ်မြတ်နိုးကြသူများအနေဖြင့် ဒေသအကျိုးအတွက် ဦးဆောင်ပေးကြရန်လိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အသိပညာရှင် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် ပညာတတ်များပေါ်များစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသိပညာရှိမှသာ အတတ်ပညာများရရှိမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များကြွယ်ဝမှသာ ဒေသစီးပွားရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် ဒေသအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အလေးအနက်ထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးဒေသမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူ(The Whole Myanmar First) ကျောင်းသားတစ်ဦး ထူးထူးခြားခြားပေါ်ထွန်းခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ အခြားလူငယ်များအနေဖြင့်လည်း ထိုသို့ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန်လိုကြောင်း၊ နိုင်ငံတော်ကလည်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ ယခုထက် ပိုမိုတိုးတက်လာစေရေး တာဝန်ရှိသူများက ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ ပြောကြားမှုများသည် မကွေးတိုင်းဒေသကြီး အဘက်ဘက်မှ တိုးတက်လာစေရေးအတွက် တိုက်တွန်းပြောကြားမှုများပင်ဖြစ်ကြောင်း၊ ဒေသအတွက် ဖြစ်နိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးပြောကြားခြင်းဖြစ်ပြီး ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်း

စာမျက်နှာ ၁၉ သို့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

မဲမသမာမှု ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်နှင့် နိုင်ငံရေးအရ လက်တွဲမလုပ်ကိုင်လိုသည့် အတိုက်အခံပါတီများအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိရေး မသမာမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်းမငြိမ်သက်မှုများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရကြောင်း။

နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ချိန်တွင် အဓိကအကြီးမားဆုံးစိန်ခေါ်မှုမှာ ပြည်နယ်များက ခွဲထွက်နိုင်ရေးအတွက် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံတကာတွင်လည်း ဆိုရှယ်လစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများရှိနေကြောင်း၊ ထိုအချိန်တွင် အရှေ့တောင်အာရှ၌ ဆီးတိုးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများရှိခဲ့သည်ကို သမိုင်းအထောက်အထားများအရ သိရှိနိုင်ကြောင်း။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

မိမိတို့နိုင်ငံ ဆိုရှယ်လစ်စနစ်ဖြင့် လျှောက်လှမ်းချိန်တွင် နိုင်ငံရေးအရ သဘောထား မတူညီကြသူများရှိခဲ့ပြီး ဆိုရှယ်လစ် စီးပွားရေးစနစ်ဖြစ်သဖြင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများ ပျက်ပြားလာခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်တစ်ခုတည်းကိုသာ ဆောင်ရွက်ခဲ့ပြီး အခြေခံဥပဒေကိုရေးဆွဲရန်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန်အတွက် တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ဒီမိုကရေစီအမည်ခံ လစ်ဘရယ်ဝါဒဖြင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသားအကြံပေးများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ အဓိကအားဖြင့် တပ်မတော်၏ နိုင်ငံရေး၌ အချက်အချာကျမှုကို ပယ်ဖျက်ရန်အတွက် အတိတ်ဖြစ်ရပ်များပေါ်တွင် အခြေခံသည့် အမုန်းတရားဖြင့် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရအနေဖြင့် ၎င်းတို့၏ အာဏာဆက်လက်တည်တံ့စေရေး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုများကို ဖြေရှင်းပေးရန်အတွက် တပ်မတော်က အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုမရှိဘဲ ရွေးကောက်ပွဲကျင်းပ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ကြကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ဆူပူဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုကြောင့် ဖြစ်ပွားခဲ့သည့် ပြဿနာများကို နိုင်ငံရေးအရဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် မဲစာရင်းများ မှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲစတင်ကျင်းပပြုလုပ်မည်ကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ အချို့ပြင်ဆင်၍ရသည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းကို တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မကွေးတပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၁၈ မှအဆက်

တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့်ပါတီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်းပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

**တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လို . . .**

**တပ်မတော်သားများ အားလုံးသည် ပြည်သူများကြားမှပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် **ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း။**

မိမိတို့နိုင်ငံတွင်ပညာရေးအားနည်းခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့၏သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် အပြန်အလှန်လေးစားမှုများဖြင့် စစ်သားကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကျင်းပချိန်၌ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ချိန်တွင် နိုင်ငံတော်၏အကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသည့်သူများဖြစ်ရန် လိုကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲများကို မပျက်မကွက်ပေး၍ နိုင်ငံသားကောင်းများဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်၌ လာရောက်လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့် ကြိုတင်၍ ပြင်ဆင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သူတစ်ဦးကို ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိနယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

စာမျက်နှာ ၁၇ မှအဆက်

နေထိုင်သူများအနေဖြင့် ဒေသကိုချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများသည် အရေးကြီးသဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိအနေဖြင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့”**ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံအတွင်းကုန်ထုတ်လုပ်မှုများတိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး လိုအပ်ချက်ဖြစ်ခြင်းကြောင့် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လူအများသည် စိမ်းလန်းစိုပြည်မှုများကို သဘောကျကြကြောင်း၊ ထို့ကြောင့် ရှိပြီးသားသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိတ်ခံစားမှုများ ကောင်းရန်အတွက် သဘာဝပတ်ဝန်းကျင်များ ကောင်းမွန်စေရေး သစ်ပင်သစ်တောများကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစိုက်ပျိုး ဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းဒေသကြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများက ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြခန်းများ၌ ဒေသထွက် တိုင်းရင်းဆေးများ၊ အသုံးအဆောင်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသောက်ကုန်ပစ္စည်းများ ပြသထားရှိမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည့် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး မေတ္တာလက်ဆောင်ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး မဟာအတုလရံသီတန်ဆောင်းအတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် စေတီတော်မြတ်ကြီး၏ ပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်၊ ၎င်းနောက် စေတီတော်မြတ်ကြီး ရင်ပြင်တော် တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကန်သာမင်္ဂလာကန်တော်သို့ရောက်ရှိကြပြီး ဘာဂီမော်တော်ယာဉ်များဖြင့် ကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်

**ထားဝယ် ဩဂုတ် ၁၈**

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိဖူဆယ် အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ကက်သလစ်သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီးမွန်စီညော်ဖာသာရ်ဂျိုးဇက်သိန်းခင်တို့က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်အမျိုးသားသီချင်းဖြင့်သီဆိုဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဖိတ်ကြားထားသောဧည့်သည်တော်များက မင်္ဂလာဖားစည်အားတီးပြီး ကရင်ရိုးရာပဒိုကျွဲချိုမှုတ် ကာ ထားဝယ်တက္ကသိုလ်ကရင်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက ကြိုးကျစ်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) အခမ်းအနား ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်တွင် ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး အန္တရာယ်အသွယ်သွယ်ကင်းဝေးစေရန် ချည်ဖြူဖြင့် နှောင်ပေးခြင်းဟု ယူဆကြကြောင်း၊ဝါခေါင်လရောက်လျှင် ကွဲကွာနေကြသော ဆွေမျိုးများ ပြန်လည်ဆုံတွေ့ရေး၊မိသားစုများပြန်လည်စုစည်းရေး၊ အချင်းချင်းချစ်ကြည်သွေးစည်းမှုခိုင်မာရေး၊လူငယ်လူရွယ်များကို လူကြီးသူမများက ဆိုဆုံးမစကားများ ပြောနိုင်စေရေး၊ ရိုးရာယဉ်ကျေးမှုများမပျောက်ကွယ်စေရေး၊အသိပညာ၊ အတတ်ပညာမြင့်မားပြီး လူနေမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးအဖြစ် အစဉ်တည်တံ့စေရေး ရည်ရွယ်ကျင်းပ ပြုလုပ်ခြင်းဖြစ်သည့်အတွက် များစွာအတုယူဖွယ်ဖြစ်ကြောင်း။

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကဲ့သို့ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကိုထိန်းသိမ်းသည့် ပွဲတော်များကို အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်သောကိစ္စရပ်များကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးကြရန်၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးနှင့် ပြည်ထောင်စုအကျိုးကိုဆတက်ထမ်းပိုး ထာဝစဉ်လက်တွဲနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်ပေးကြပါသော ပြည်ထောင်စုဖွားကရင်တိုင်းရင်းသားများနှင့်တကွ တက်ရောက်လာကြသော တိုင်းရင်းသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ချည်ဖြူဖွဲ့မင်္ဂလာရိုးရာဓလေ့ပွဲတော်ကို မပျောက်မပျက်ဆက်လက်၍ လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ကြရန်နှင့် ကရင်တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ဆက်လက်၍ရမ္မဇူဒိုးယိမ်းအကအဖွဲ့က တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး တာဝန်ရှိသူများက ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့သမိုင်းကို စကောကရင်ဘာသာနှင့် မြန်မာဘာသာဖြင့်ဖတ်ကြားကာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးစောအောင်ထွဋ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားသက်ကြီးဘိုးဘွားများနှင့်တိုင်းရင်းသား၊ တိုင်းရင်းသူများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဆုတောင်းမေတ္တာပို့သပြီး ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာလက်ချည်ပေး၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တိုင်းရင်းသား၊ တိုင်းရင်းသူများအား ကရင်ရိုးရာစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးကာ ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများနှင့် အဆိုဝါသနာရှင်များက ဖျော်ဖြေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသောဒေသဖြစ်သောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးနက်ထားဆောင်ရွက်ပေးရန်လိုအပ်ပြီး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့်ဝန်ထမ်းများခန့်ထားရေးကို ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်)တို့ကို ချီးမြှင့်ငွေများပေးအပ်ပြီး ခန်းမအတွင်းခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၈ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အခြေခံပညာကျောင်း ခုနစ်ကျောင်းအား ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့၍ စုစုပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား၊ကျောင်းသူ ၅၇၈ ဦးထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၈၉၇၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၂ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ကိုးဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၆ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခဲ့ကြောင်းနှင့် အတွင်းလူနာအဖြစ် ဒေသခံပြည်သူ ဦးရေ ၃၀ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲ



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။









ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

များ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

"ကျွန်တော်က တပ်မတော်ကို ချစ်ပါတယ်။ ကျွန်တော်က တပ်မတော်မှာပဲ နေချင်တာပါ။ ကျွန်တော်အပြင်မှာ နေလို့ရှိရင် အိမ်တောင်မကပ်ဘူး။ အပြင်မှာ ဟိုသွားလိုက်၊ ဒီသွားလိုက်နဲ့ စည်းကမ်းတော်တော်မဲ့ပါတယ်။ တပ်မတော်ထဲကို ဝင်လာတဲ့အတွက် ကျွန်တော့်ကို ဒီက ဆရာတွေက စည်းကမ်းတကျထားတယ်။ အချိန်နဲ့ ထမင်းစားတယ်။ အိမ်မှာဆို အချိန်နဲ့ ထမင်းမစားဘူး။ ဒီရောက်တော့ အချိန်နဲ့ ထမင်းစားတယ်။ အချိန်နဲ့ သွားလာရတယ်။ အဲဒီအတွက် ကျွန်တော့်ကို ကျွန်တော် ပြောင်းလဲသွားမယ်လို့ယုံကြည်ပါတယ်။ နှစ်နှစ်ကာလက ပြီးဆုံးသွားလည်း အထက်ကပေးအပ်တဲ့ အမိန့်အတိုင်း ဆက်လက်တာဝန်ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်ကို ကျွန်တော်လည်း ဂုဏ်ယူတယ်။ ကျွန်တော့် အမေလည်း ဂုဏ်ယူနေမှာပါ" ဟု ပြောသည်။

"သင်တန်းလာတက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ဖို့





လာရောက် တက်ရောက်တာဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ နည်းနည်းတော့ ပြောင်းလဲကွာဟမှုတော့ရှိတယ်။ အရပ်သားဘဝမှာက အကျီဝတ်တာကအစ၊ စားတာသောက်တာကအစ နည်းနည်းလေးမှ စည်းမရှိတာလည်း ပါခဲ့တာပေါ့။ လက်ရှိ စစ်မှုထမ်းဆောင်စဉ်ကာလ စစ်တပ်ထဲရောက်တော့ ကျွန်တော်တို့ရဲ့ ပုံစံတွေက အားလုံးစည်းကမ်းတကျဖြစ်သွားတယ်ပေါ့။ သင်တန်းဆင်းပြီးတဲ့အခါ ကျတော့လည်း မိခင်တပ်ရင်းကိုရောက်လို့ရှိရင် အထက်ကပေးအပ်တဲ့တာဝန်တွေကို ဆက်လက်ပြီး လုပ်ဆောင်သွားပါမယ်လို့ ဆုံးဖြတ်ချက် ချထားပါတယ်" ဟု ပြောသည်။

(ဥ၀၁)

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက် နေ့ရက်များကို သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၅/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက် နေ့ရက်များကို သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်(၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်) တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် မရမ်းချောင်ရပ် ခေမာရာမသီလရှင် စာသင်တိုက်ကျောင်းလမ်း အမှတ်(၆၉၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၈-၂၀၂၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသောအထောက် အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာ အပ်ပါသည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**




**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိ




**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ည ၁၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿ ပြည်နယ်တောင်ပိုင်း) ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် အနောက် မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမို အားကောင်းလာကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက် တောင်ဘက် ရေမိုင် ၄၅၀ ခန့်၊ အိန္ဒိယ နိုင်ငံ ကာလင်ဂါပတ္တနမ်မြို့၏ အရှေ့ မြောက်ဘက် ရေမိုင် ၆၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းခြေတို့ကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မြန်မာ့ဒေသရင်းငှက်မျိုးစိတ်အထူးထုတ် ငွေကျပ် ၂၀၀ တန် ကိုးလုံးပါ Block of Stamp စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

မြန်မာ့ဒေသရင်းငှက် (၉) မျိုး




**နေပြည်တော် ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံ၌သာ ကျက်စားသည့်ဒေသရင်းငှက်မျိုးစိတ် ကိုးမျိုးဖြင့်ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်အထူးထုတ်ငွေကျပ် ၂၀၀ တန် ကိုးလုံးပါBlock of Stamp စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့တွင် ဩဂုတ်၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိန်းကျင့်၊လူသတ်၊ဆက်ကြေးကောက်တဲ့တော်လှန်ရေး”**ခေါင်းစဉ်ဖြင့် ၂၀-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ဦးရေ ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့မှု”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ



ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(ငြိမ်း)၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ စစ်ဆေးရေးမှူး ဗိုလ်မှူးချုပ်ကိုကိုဝင်း(ငြိမ်း)က စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းတပ်ရင်းတွင် တစ်နှစ်ဆက်လက် တာဝန်ထမ်းဆောင်မည့် အရာရှိ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်းအဖွဲ့)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် မုံရွာတပ်နယ်အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၂၅ ရက်နေ့ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်းအဖွဲ့)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်ပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၀၄၅ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၈**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၀၄၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာ ၁၂၃၆၆ ကေ စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၄၅ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်ပို့တဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာ စိုက်တောင်သူများကို မျိုးစေ့ထောက်ပံ့ပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ် ပေပင်ဆယ့်နှစ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**ပန်းတနော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေပင်မြောက်ကျေးရွာအုပ်စု ပေပင်ဆယ့်နှစ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကိုယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဖွဲ့စည်းရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီအဖွဲ့ဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်နှင့်အညီကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ် ပေပင်ဆယ့်နှစ်ရွာကျေးရွာ၌ ၂၀၂၅- ၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီးဌာနမှ သိရသည်။ **ငြိမ်းသူ(စလင်း)**

# ငဖဲမြို့နယ် မြင်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နယ်ဓောကျေးရွာအုပ်စု မြင်သာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် မြင်သာကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကိုရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၂၃သိန်း ကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၈၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၄၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၀ ကိုရန်ပုံငွေကျပ်၁၂၃သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**




# ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ဇီးကုန်း ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ထန်းရှစ်ပင်ကျေးရွာ၌ မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့်Slab Culvert တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုးနှင့် ဝန်ထမ်းများက ထန်းရှစ်ပင်ကျေးရွာ၌ မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် Slab Culvert တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာလိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၁၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက် လက်မရှိမြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် အလျား ၁၆ပေ၊ အနံငါးပေ၊ အမြင့် သုံးပေရှိ Salb Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယခင်ကထက်လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်တချို့ပျက်စီးကာ လူ ၂၉ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိ



ဂျကာတာ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတွင် ဩဂုတ် ၁၇ ရက်က ပြင်းအား ၆ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်ခဲ့ပြီး မြေငလျင်ကြောင့် အခြေခံအဆောက်အအုံတချို့နှင့် လူနေအိမ်ခြေတချို့ ပျက်စီးကာ ဒေသခံ ၂၉ ဦးထက်မနည်းထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း National Disaster Mitigation Agency က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများအနက် နှစ်ဦးမှာအသက်အန္တရာယ်စိုးရိမ်ရပြီး ၁၃ ဦးကို အရေးပေါ်ဆေးကုသမှု ပြုလုပ်ပေးနိုင်ရေးအတွက် ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း၊ ကျန်ဒေသခံများမှာ အသေးစား ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမျိုးသာဖြစ်ကြောင်း၊ မြေငလျင်ဒဏ်သင့်ခဲ့ရသည့် ရေးယာများမှာပိုဆိုစီရင်စုနှင့် တိုကိုရွှန်ဒိုစီရင်စုရှိ ဒေသများဖြစ်ကြောင်း သိရသည်။

"ဆူလာဝီစီကျွန်းမှာ ဩဂုတ် ၁၇ ရက်က ပြင်းအား ၆ မဂ္ဂနီကျူးရှိတဲ့ မြေငလျင်လှုပ်ခတ်သွားခဲ့ပါတယ်။ မြေငလျင်ဟာပိုဆိုစီရင်စုအနီးမှာ ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေလှုပ်ခတ်ခဲ့ခြင်းဖြစ်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ မြေငလျင်လှိုင်းပြင်းအားဟာ အားကောင်းခဲ့ပါတယ်။ လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ပါတယ်။ အပျက်အစီးတွေကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ အန္တရာယ်ရှိတဲ့ ဧရိယာအတွင်းက ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်"ဟု Natio nal Disaster Mitigation Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့

နယူးဒေလီ ဩဂုတ် ၁၈

အိန္ဒိယနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော်ဖြစ်သော မွမ်ဘိုင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၁၆ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ဩဂုတ် ၁၇ ရက်သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြေပြိုမှုဖြစ်ပွားရာနေရာသို့ မီးသတ်တပ်ဖွဲ့၊ ဒေသဆိုင်ရာရဲတပ်ဖွဲ့နှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး တပ်ဖွဲ့ဝင်များအပါအဝင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ချက်ချင်းရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သဖြင့် လူနှစ်ဦးကိုကယ်တင်နိုင်ခဲ့သော်လည်း လူနှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးသွားခဲ့ရကြောင်း၊ မြေပြိုမှုကြောင့် မြို့တွင်းရှိသွားလာဆက်သွယ်ရေးလမ်းများပျက်စီးမှု၊ ပြတ်တောက်မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားစွာဖြစ်ပွားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မွမ်ဘိုင်းမြို့တွင် သဘာဝဘေးအန္တရာယ် အနီရောင်သတိပေးချက်ထုတ်ပြန်ထားပြီး လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာဆက်လက် ရွာသွန်းနိုင်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

Ref : Sputnik News

Trs : KZ

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေ

အစ္စလာမ်မာဘတ် ဩဂုတ် ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ပျက်စီးမှုများကို ယနေ့မှစ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။



မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှု၊ မြေပြိုမှုများမှုကြောင့် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များနစ်မြုပ်ပျက်စီးသွားခဲ့ရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်စောင်းများ၊ ကမ်းပါးများမှ မြေများ၊ အိုကာ ကျောက်တုံးများပြိုကျမှု၊ မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံမြောက်ဘက်ပိုင်းရှိ တောင်တန်းဒေသများတစ်လျှောက်နှင့် ဘန်နာမြို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၃၃၇ ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ကာ ပျောက်ဆုံးနေသူများရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်များက ပြောကြားခဲ့သည်။

ပါကစ္စတန်တစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုသည် စက်တင်ဘာလအစောပိုင်းထိဖြစ်နိုင်ကြောင်း မိုးလေဝသဌာနမှတာဝန်ရှိသူများက ကြိုတင်သတိပေးပြောကြားထားပြီး လက်ရှိတွင် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန်၊ မိသားစုဝင်များ သေဆုံးခဲ့ရသူများ၊ နစ်နာသူများကိုလျော်ကြေးပေးရန်၊ အန္တရာယ်ရှိသောနေရာများတွင် နေထိုင်သူများကို ဘေးကင်းလုံခြုံသော နေရာများသို့ ပြောင်းရွှေ့ပေးရန် စီစဉ်နေကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ ဂန်ဒါပူးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံး

ပေကျင်း ဩဂုတ် ၁၈

တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းအတွင်း မွန်ဂိုလီယားဒေသတွင် ဩဂုတ် ၁၇ ရက်က မိုးရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မွန်ဂိုလီယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူများ၏ ရုပ်အလောင်းများကို ဆယ်ယူရရှိထားပြီးဖြစ်သကဲ့သို့ ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်းအင်အား ၇၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးဒဏ်သင့်ပြည်သူများကို ဘေးလွတ်ရာသို့ ဘေးကင်းစွာဖြင့် မြန်မြန်ဆန်ဆန် ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အား တိုးမြှင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ဒေသခံလူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပါတယ်။ ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ဒေသခံတွေဘေးကင်းစွာနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အား ၇၀၀ ထိ အသုံးပြုထားပါတယ်။ လူသေဆုံးခဲ့တဲ့ ဖြစ်စဉ်ကတော့ မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ပြီး လူ ၁၃ ဦးထိ ရေစီးနဲ့အတူမျောပါသေဆုံးသွားခဲ့တယ်"ဟု မွန်ဂိုလီယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat



# ဗြိတိန်နိုင်ငံတွင် အာရင်ဟာရီကိန်းမုန်တိုင်းအားပျော့သွားခဲ့ပြီး ပြင်းအားလယ်ဗယ် ၃ အဆင့်သို့ကျဆင်းသွားကြောင်း NHC ထုတ်ပြန်

ဝါရှင်တန် ဩဂုတ် ၁၈

အာရင် ဟာရီကိန်းမုန်တိုင်းသည် ပြင်းအားလယ်ဗယ် ၅ အဆင့်ဖြင့် ဗြိတိန်နိုင်ငံ ဂရန်တက်ခ်ကျွန်းသို့ ဩဂုတ် ၁၇ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းသည် ယနေ့နံနက်အစောပိုင်းတွင် ပြင်းအားလယ်ဗယ် ၃ အဆင့်သို့ကျဆင်းကာ ဘဟားမားစ်နိုင်ငံဘက်ကို ဦးတည်နေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်သွားခဲ့သည်။

မုန်တိုင်းပြင်းအားလယ်ဗယ် ၅ အဆင့်ဖြင့် တိုက်ခတ်ခဲ့စဉ် လေတိုက်နှုန်းပြင်းအားမှာ တစ်နာရီ မိုင် ၁၆၀ နှုန်းဖြစ်ပြီး မုန်တိုင်းအားပျော့လာသည့်အတွက် တစ်နာရီ ၁၄ မိုင်နှုန်းဖြင့် ရွေ့လျားနေကြောင်း၊ အာရင်ဟာရီကိန်းမုန်တိုင်းသည် ဘဟားမားစ်နိုင်ငံအပါအဝင် ပေါ်တိုရီကိုနိုင်ငံ လီဝက်ဒ်ကျွန်း၊ ဗာဂျင်ကျွန်းတို့ကိုလည်း ဖြတ်သန်းတိုက်ခတ်သွားမည်ဖြစ်သကဲ့သို့ ဘာမြူဒါဒေသထိပါ ရောက်ရှိသွားနိုင်ကြောင်း NHC က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"အာရင်ဟာရီကိန်းမုန်တိုင်းဟာ ပြင်းအားလယ်ဗယ်အဆင့် ၅ နဲ့ ဂရန်တက်ခ်ကျွန်းကိုဝင်ရောက်တိုက်ခတ်နေပြီးတော့ မုန်တိုင်းဟာ တဖြည်းဖြည်းအားပျော့လာတဲ့အတွက်ကြောင့် မုန်တိုင်းပြင်းအား လယ်ဗယ်အဆင့် ၃ အဖြစ်ပြောင်းလဲသတ်မှတ်လိုက်ပါတယ်။ မုန်တိုင်းဟာ ဘဟားမားစ်နိုင်ငံဘက်ကို ဦးတည်တိုက်ခတ်နေသလို မူလကကြိုတင်ခန့်မှန်းထားတဲ့အတိုင်း ပေါ်တိုရီကိုနိုင်ငံ လီဝက်ဒ်ကျွန်း၊ ဗာဂျင်ကျွန်းတို့ကိုလည်း ဖြတ်သန်းတိုက်ခတ်သွားဖွယ်ရှိနေပါတယ်"ဟု အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာ (NHC)မှ တာဝန်ရှိသူတစ်ဦးက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အရွယ်နှင့်အသိ

**စိုင်းမျိုးမြင့်(တောင်ကြီး)**

**❖လူတွေဟာ ကိုယ့်အာရုံနဲ့ကိုယ်။ ကိုယ့်ဇောနဲ့ကိုယ်။ အယူများ၊ အသိများ၊ အစွဲများတွေနဲ့သာ ကိုယ်စီကိုယ်စီ လုံးလည်ချာလည်လိုက်နေကြတာပဲ။ အားလုံးပဲ တကယ်အရင်းစစ်ရင် ဆိုင်တာနဲ့ပိုင်တာကိုတော့ ခွဲခြားပြီး အမှန်သိသင့်တယ်။ ဉာဏ်ရည်ဉာဏ်သွေးလိုပေသေးတာကိုး။ ကြိုးစားကြနော်။ "ငါမဟုတ်ဘူး။ ငါမရှိဘူး၊ ငါမပိုင်ဘူး။ ဒါက ပကတိ(ပရမတ်)အစစ်အမှန်ပဲ။ အရာရာဟာ တကယ်ကတော့ အငှားတွေသာမို့ထားခဲ့ရမှာ။ ဘာတွေလဲ။ ခန္ဓာအငှား၊ ဆွေမျိုးအငှား၊ ပစ္စည်းအငှား၊ ရာထူးအာဏာပါဝါအငှား။ အဲဒါတွေအားလုံးက ဆိုင်သာဆိုင်တာ ကိုယ်မပိုင်ပါ။ အများနဲ့မဆိုင် ကိုယ်သာပိုင်တာက (သိစေချင်) လေးမျိုးရှိပါတယ်။ ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ဝိပဿနာပညာရယ်။ ကိုယ်ပိုင်တာကို ပြုနိုင်ကြပါစေ။ ❖**

**"လူဆိုတာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။ လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမယ်။ ကြည်ညိုထိုက်သူဖြစ်အောင် ပေးဆပ်နိုင်ရမယ်"**

**ဆရာတော် သံဃာတော်ကြီးများ**
**အဆုံးအမ စကား။**

အိုင်ဒီယာများက အရာရာကို ပြောင်းလဲစေပါတယ်တဲ့။ အိုင်ဒီယာဆိုတာက စိတ်ကူး၊ အကြံအစည်၊ ထင်မြင်ယူဆချက်၊ ခံယူချက်၊ အတွေးအခေါ်လို့ မြန်မာလို အဓိပ္ပာယ်ရပါတယ်။ စာဖတ်သူ လွတ်လပ်စွာ ကြိုက်တဲ့စကားလုံးကို ယူနိုင်ပါတယ်။ လူရဲ့စိတ်ကူး၊ ခံယူချက်က သူ့ရဲ့အပြောအဆို၊ အပြုအမူ၊ အလုပ်အကိုင်ကို ဖြစ်ပေါ်အောင် စေ့ဆော်တာကြောင့် စိတ်ဟာ လောကကိုဆောင်တယ်လို့ ဘုရားရှင်က ဟောတော်မူတာပဲ။ လူရဲ့စိတ်ကူး အိုင်ဒီယာတွေက ခေါင်းထဲမှာ အလိုလိုပေါ်လာတာတော့ မဟုတ်ကြပါ။ မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ၊ အရပ်မျက်နှာတစ်ခုခုကဖြစ်စေ၊ လူချင်း သို့မဟုတ် စာအုပ်ထဲက သို့မဟုတ် ဖုန်းထဲက သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြား၊ အသံချဲ့စက် စသည်ဖြင့် တစ်စုံတစ်ရာဆီမှ အစပျိုးမြစ်ဖျားခံခဲ့တာမျိုးပါ။ အစေ့မရှိဘဲတော့ အပင်မပေါက်လာနိုင်ပါဘူး။ ပြင်ပထိတွေ့လှုံ့ဆော်မှု အာရုံတော့ရှိမယ်။

ဘဝဆိုတာက ကျောင်းနေခွင့် ရရ၊ မရရ၊ ကလေးဘဝကိုလွန်မြောက်တာနဲ့ ကိုယ့်ဘဝကို ကိုယ်ရုန်းကန်ဖြတ်သန်းကြရတာပဲ။ လူချမ်းသာသားသမီးဖြစ်စေ၊ လူဆင်းရဲသားသမီးပဲဖြစ်စေ၊ ရှင်သန်အောင် ပတ်ဝန်းကျင်ဆီက လေ့လာသင်ယူပြီး အဆင်ပြေအောင်ညှိယူ ပြုပြင်ကြရတာပါပဲ။

အချို့လူတွေရဲ့ဘဝကတော့ ဆူးခင်းလမ်း၊ အချို့လူတွေကတော့ ခယောင်းလမ်းကိုဖြတ်သန်း၊ အချို့လူတွေမှာတော့ ကတ္တီပါဖိနပ်ကလေးများ စီးထားကြလေတော့ သွားလေရာရာမှာ ကတ္တီပါကော်ဇောခင်းပေးထားသလိုပဲပေါ့။ သြော် လောကကြီးဟာ အနိမ့်အမြင့် အနုအကြမ်း မတူကြပါလားလို့ တွေ့မြင်သင်ယူကြရမယ်။ မူလတန်း၊ အလယ်တန်းကျောင်းသားအရွယ်လောက်ထိ ဒီသဘောကို သဘောမပေါက်ခဲ့သေးဘူး။ အထက်တန်းကျောင်းသားဖြစ်လာတဲ့ ဆယ်ကျော်သက်အရွယ်မှာတော့ လူတွေဟာ မိမိမွေးဖွားလာတဲ့ မိသားစုရဲ့အခြေအနေဆင့်အတန်းအရ တော်တော်ကွဲပြား ခြားနားကြပါသလားဆိုတာ သတိထားနားလည်မိလောက်အောင် စာတွေ့ လက်တွေ့ သိရှိခဲ့ရတယ်။ မိမိညံ့လို့ အသိနောက်ကျခြင်းပါလေ။

စာတွေ့ဆိုတာက ထိုအချိန်က ပျံ့နှံ့ခေတ်စားခဲ့တဲ့ ပြား ၆၀ တန် အချစ်ဝတ္ထုစာအုပ်တွေဆီက သင်ယူနားလည်ခဲ့တာကိုတော့ ထင်ထင်ရှားရှား မှတ်မိရဲ့။ ဖတ်ခဲ့တဲ့ ဝတ္ထုစာအုပ်ပေါင်းမနည်းဘူး။ အစ်ကို၊ အစ်မ၊ မိတ်ဆွေအပေါင်းအသင်းတွေဆီက ငှားပြီး ဖတ်ခဲ့ကြတာလေ။ ဆရာအောင်လင်း၊ မြင့်ကျော်၊ မြင့်နီ၊ ကရမက်၊ မောင်ကြည်ဆွေ စတဲ့ စာရေးဆရာတွေ ရေးသားထားတဲ့ အသည်းကွဲအချစ်ဇာတ်လမ်းတွေပေါ့။ တွေ့သမျှ ဖတ်တာပါပဲ။ ဝတ္ထုစာအုပ်ထဲမှာ အရက်သောက်ခန်းတွေပါပေမယ့် အရက်ကိုတော့ တရုတ်စားသောက်ဆိုင်မှာ ညနေစာဆန်ပြုတ်သောက်ရင်း အရက်ဖြူတစ်ခွက် ပြား ၅၀ လားပါပဲ။ စမ်းပြီး ဝယ်သောက်ကြည့်တာ၊ တစ်ဝမ်းကွဲညီတစ်ယောက်နဲ့။ ပါးစပ်ထဲ၊ လည်ချောင်းထဲ ပူလောင်၊ စပ်၊ ခါးပြီး တစ်ငုံသောက်မိတာနဲ့ လန့်သွားတယ်။ အနံ့လည်း ဆိုး၊ ခါးလည်းခါးသက်။ ဆက်မသောက်နိုင်ဘူး။ ဖန်ခွက်သေး ဖြူဖြူလေးထဲမှာ ကျန်တာ ချန်ထားရစ်ခဲ့ရတယ်။ တော်ပြီ။ နောင်ကြဉ်သွားရဲ့။

သူငယ်ချင်းတချို့နဲ့ တစ်ခါတစ်ရံ ထန်းရည်ဝန်ထမ်းဖြစ်လာတဲ့အခါ ဘီယာ၊ အဖော်အပေါင်းကောင်းရင် သောက်ဖူးပါတယ်။ ကြိုက်လောက်အောင် အရသာမခံတတ်ပါ။ သူများက ဒကာခံပြီးကျွေးမွေးတဲ့ ညစာစားပွဲများလည်း တက်ခဲ့ဖူးပါတယ်။ ဝီစကီ၊ ဂျင်၊ ဝိုင်၊ ပြည်တွင်းပြည်ပ တွေ့ကြုံရတဲ့ ပွဲကြီးလမ်းကြီးများမှာ စမ်းငုံကြည့်ဖူးပါတယ်။ အစားအသောက်လောက် မမက်မောပါ။ ဘီယာတစ်ခွက်၊ နှစ်ခွက် သောက်လိုက်မိရင် နည်းနည်းအာရွှင်လာတာတော့ သတိပြုမိပါတယ်။ အသက်သာ ကြီးလာတယ်၊ အရက်သမားတော့ ဖြစ်မလာပါ။ ဖခင်ကလည်း ကျောင်းဆရာ၊ လုံးဝအရက်သေစာ မသောက်စားပါ။ သူရာမေရိယကံသာ မဟုတ်။ ရပ်ရွာထဲမှာ လူငယ်ဘဝကတည်းက ရှေ့ဆောင်ဦးစီး လူကြီးနေရာနေလာခဲ့တော့ ကိုယ်ကျင့်သီလကို အဖေက လူအများအားလုံးက လေးစားရိုသေခံရအောင် နေနိုင်တဲ့သူပါ။ ရပ်ထဲရွာထဲ အငြင်းပွားမှု၊ မကျေလည်မှုရှိရင် နှစ်ဖက်စလုံးက သဘောတူညီချက်နဲ့ အဖေ့ဆီလာပြီး ဆရာ ဦးမာတင်ဆုံးဖြတ်တာနာခံပါမယ်။ ဘကြီးဆုံးမတာ နှစ်ဖက်စလုံးက လိုက်နာပါမယ်ဆိုပြီး အခင်းကိစ္စကို တင်ပြကြတယ်။ တစ်ခါတစ်ရံ ဒေါ်နဲ့မောနဲ့ ပြောဆိုငြင်းခုံလာကြရင် အဖေက မျက်နှာစေ့စေ့ကြည့်ပြီး "အဲ့သလို မကျေနပ်တဲ့လေသံနဲ့ဆိုရင်တော့ ရဲစခန်းတို့၊ တရားရုံးတို့ သွားကြ" အဲသလိုပြောလိုက်ရင် ငြိမ်ကျသွားကြတာပါပဲ။

ရပ်ရွာလူထုအပေါ် ဩဇာတိက္ကမ ရှိတာက ရွာကျောင်းဆရာတော်ရယ်၊ ငါးရွာစားတိုက်သူကြီး (အမေ့မောင်)၊ အဖေရယ်။ ရပ်ထဲရွာထဲပြဿနာရှိလာရင် အဖေပြောတာနဲ့ ပြီးကြပါတယ်။ လူကြီးနေရာ။

ဆွေမျိုးတစ်ဝမ်းကွဲချင်း ယာမြေအမွေလုရာမှ နှစ်ဖက်မကျေနပ်လို့ မြို့၊ ခရိုင်၊ တိုင်း၊ ဗဟိုတရားရုံးထိတက်ပြီး တရားဆိုင်ကြတာ ဦးထွန်းရီ-ဦးဖိုးစီ တရားမကျင့်ထုံးဆိုပြီး နိုင်ငံတော်ကျင့်ထုံးဥပဒေ မှတ်တမ်းဝင်ခဲ့တာ ကြီးနီရွာက စာရေးသူရဲ့အဘိုးများ၊ အဘများပါပဲ။ အင်္ဂလိပ်အစိုးရခေတ်က။ ဆွေမျိုးအချင်းချင်း လောဘ၊ ဒေါသ၊ မာန ပြိုင်ကြတာ ရှေ့နေငှားခ၊ တရားရုံးစရိတ်နဲ့ နှစ်ဦးနှစ်ဖက် တောသူဌေးတွေဟာ လူချမ်းသာအဖြစ်မှာ သာမန်တောင်သူဘဝနဲ့သာ နေသွားရ၊ သေသွားကြရတဲ့ သင်ခန်းစာအကြီးကြီး။ နိုင်ငံကျော်တဲ့ ကျင့်ထုံးတစ်ခု တွင်ကျန်ရစ်လေတော့ ရွာမှာအမှုအခင်းဖြစ်ရင် ရဲရယ်၊ ရှေ့နေရယ်၊ တရားရုံးရယ် ကြာလေ ကြာလေ အမှုဖြစ်သူငွေကုန်လူပန်းဖြစ်ရလေလို့ သိခဲ့ကြပြီ။ ရှေးတုန်းကပါ။

ကျေးလက်တောရွာမှာတော့ တိုက်သူကြီးရဲ့တူ၊ ကျောင်းဆရာ ဦးမာတင်ရဲ့သား၊ ရောက်လေရာရာမှာ ရှေ့ဆုံးသင်ဖြူးပေါ်မှာပဲ ထိုင်နေကျပေါ့။ ဆွေမျိုးမိဘ အရှိန်အဝါနဲ့ စိန်နားကပ်အရောင်နဲ့ ပါးပြောင်ခဲ့တာလေ။ ပတ်ဝန်းကျင် ငါးရွာတစ်ဝိုက် လူတိုင်းသိကြ၊ ခင်မင်ကြ၊ အရေးပေးကြရာမှ အထက်တန်းကျောင်းသားဘဝ ချောက်မြို့ရောက်လာတဲ့အခါ ရပ်ကွက်ပေါင်း ၁၇ ကွက်လောက်ရှိပြီး မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၃၀ ကျော်ရှိလေတော့ ကြီးနီရွာလေးဟာ သေးသေးလေးဖြစ်သွားခဲ့ပြီပေါ့။

မြို့ထဲဈေးထဲမှာ မိမိကိုဘယ်သူမှမသိကြပါ။ ရပ်ကွက်ထဲမှာ ကျောင်းသွားဖော်၊ ကစားဖော် တချို့လောက်သာ သိကြပါတယ်။ လူရာဝင်အောင် စာတော်မှဖြစ်မယ်။ အမြော်အမြင် ဗဟုသုတရှိအောင် မဂ္ဂဇင်း၊ သတင်းစာ၊ လုံးချင်းဝတ္ထုစသဖြင့် စာပေကို လိုက်စား လေ့လာရမယ်။ စာကိုလည်း ကြိုးစားတယ်။ စာကြည့်တိုက်နဲ့ စာအုပ်အငှားဆိုင်တွေက စာအုပ်တွေကို နေ့နေ့ညည ဝါးစားသလို အငမ်းမရ ဖတ်တော့တယ်။ ဇဝန၊ သော်တာဆွေ၊ ကြပ်ကလေး၊ ဓူဝံ၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ နတ်နွယ်၊ မင်းကျော်၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ အောင်လင်း စတဲ့ မိမိကြိုက်တဲ့ စာရေးဆရာတွေရဲ့ ရေးခဲ့သမျှအကုန်ရှာပြီး ဖတ်ခဲ့တယ်။ စာဖတ်ဝါသနာ။

အပြင်လောက ပကတိဘဝနဲ့ စာပေထဲက သိရမြင်ရ ဆင်ခြင်စရာတွေရတာနဲ့ နှိုင်းယှဉ်ဆင်ခြင်စဉ်းစားပြီး မြင်သမျှပဲ အဟုတ်ထင် အကောင်းမြင်သူ မဖြစ်မိအောင် မှန်လားမသိ မှားလားမသိ၊ စာထဲမှာ ဖတ်လို့ကောင်းတာနဲ့ စာထဲကဟာပဲ အဟုတ်ထင်တဲ့ စာကြမ်းပိုး စာရူးပေရူး ကြောင်တောင်တောင် လူစားမျိုးလည်း မဖြစ်ရအောင် ဟန်ချက်ထိန်းရပါတယ်။

ဒါတောင် သခင်မြတ်ဆိုင်ရေးတဲ့ ကျောက်ကွင်းအရေးတော်ပုံဖတ်မိပြီး တောင်တွင်းကြီး ရှင်ဥက္ကဋ္ဌ ရေးခဲ့သမျှကို အကုန်အစင် စုံလင်အောင်ဖတ်ပြီး ကြိုက်နေလိုက်တာ နှစ်ကာလအတော်ကြာတဲ့အထိ စွဲခဲ့မိသေးတယ်။ စိတ်ကို စိတ်အတိုင်းတိုင်းထားဆိုတဲ့ ကျောက်သဘော် တရားစာအုပ်တွေလည်း မရမနေရှာဖတ်ခဲ့ဖူးတယ်။ စာဖတ်သူချင်း ဆွေးနွေးရင်း ငြင်းကြခုံကြတာတွေလည်း ရှိရဲ့။ တကယ်တော့ အကျင့်တရား လက်တွေ့မပါဘဲ မပြည့်တဲ့အိုးတွေမို့ ဘောင်ဘင်ခတ်နေခဲ့တာပါပဲ။ နောက်မှ သိလာရတာ။

ဘာသာရေးမှာ အယူအစွဲ အစွန်းမရောက်မိစေရအောင် အဓိက မိမိဘဝအတွက် ကျေးဇူးကြီးမားလှတဲ့ လမ်းပြရှေ့ဆောင် သံဃာတော်နဲ့ လူပုဂ္ဂိုလ်တွေက အများကြီးပါ။ အနည်းငယ် နမူနာသာဓက ပုဂ္ဂိုလ်တချို့ ဖော်ပြပါရစေ။

၁။ လယ်တီဆရာတော် ရှင်ဉာဏ (၁၈၄၆-၁၉၂၃)
၂။ ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ
၃။ သီတဂူဆရာတော် အရှင်ဉာဏိဿရ
၄။ ဓမ္မာစရိယ ဦးဌေးလှိုင်
၅။ ဒဂုန် ဦးထွန်းမြင့်
၆။ ဒေါက်တာမင်းတင်မွန်
၇။ ဇေယျာမောင်
၈။ မဟာစည်ဆရာတော် ဦးသောဘန
၉။ တိပိဋကယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ
၁၀။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)
၁၁။ တိပိဋကမင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
၁၂။ ပါချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ

လောကမှာ ကိုယ်သိတာပေမယ့် လူတကာကို ပြောပြလို့မရ၊ ကိုယ်မြင်ပေမယ့် အများသိစေရန် ရေးလို့မရ။ မှန်တာပင်ဖြစ်စေအုံး၊ အခြေအနေ အချိန်အခါကို နှိုင်းဆချင့်ချိန်ရတယ်ဆိုတာကိုတော့ ပိုလွန်သွားမိတဲ့ အမှားတွေ၊ ဘေးချော်သွားခဲ့တဲ့ အလွဲတွေ၊ လျော့နည်းလို့ မထိရောက်တဲ့ အားနည်းချက်တွေ၊ ပြန်လည်သုံးသပ် သင်ခန်းစာယူရင်းနဲ့ ရင့်ကျက်အောင် ချိန်သားညှိတတ်လာအောင် ပြုပြင်ခဲ့ရပါတယ်။

သူများပြောပြတဲ့ သူ့ရဲ့အတွေ့အကြုံလေးကပဲ စာရေးသူအတွက် တော်တော်သင်ခန်းစာရစေတဲ့အတွက် ဖြစ်ရပ်သာဓကကို လက်ဆင့်ကမ်းပါရစေ။ လုပ်ဇာတ်၊ထိုးဇာတ်လား၊တကယ့်ကိုယ်တွေ့ပေလားဆိုတာတော့ ကာယကံရှင်ပဲ သိမှာပါလေ။ လူတွေဟာ အမှန်ပြောပြပေမယ့် ကိုယ့်ဇောနဲ့ကိုယ်မို့ ဘာပြောပြော နားမဝင်ကြဘူး။ စေတနာနဲ့ပြောနေပေမယ့်လည်း ဘယ်သူကမှ ဂရုလည်းမစိုက်ဘူး၊ အဖက်လည်း မလုပ်ဘူး။ နားလည်း မထောင်ဘူး။ ဖြစ်ပုံက။

သူက ထိုအချိန်က ငယ်ပါသေးတယ်၊ ကလေးသာသာ အရွယ်လေးပဲ။ သူ့အဘိုးလက်ကိုဆွဲရင်း ဘေးကကြည့်၊ အဘိုးက စိုးရိမ်တကြီးနဲ့ လူတွေကို အော်ဟစ်တားဆီးနေတယ်။ အဘိုးက အလန့်တကြား ထရပ်ပြီး"ဟေ့လူတွေ၊ မတက်နဲ့၊ မတက်ကြနဲ့။ ဒီသင်္ဘောက မှောက်မယ့်သင်္ဘော ခင်ဗျားတို့ အကုန်သေကုန်လိမ့်မယ်" သူက ဘာပြောနေနေ လူတွေကတော့ သင်္ဘောကြီးပေါ်တက်ဖို့ စုစုဝေးဝေး ဆက်သွားနေဆဲ၊ အသွားမပျက်၊ ပျော်ပျော်ပြုံးပြုံး မျက်နှာတွေနဲ့ပဲ။ သူ့အဘိုးက အထိတ်တလန့်နဲ့ အော်ဟစ်ပြီးတားနေပေမယ့် ဘယ်လူတစ်စုံတစ်ယောက်ကမှ နားမထောင်တာကို သူဟာ နားမလည်နိုင်အောင် ဘေးက ရပ်ကြည့်နေတုန်းမှာပဲ လူတစ်စုက သူ့အဘိုးနဲ့သူ့ကို ဖမ်းဆီးပြီး နေရာကနေဆွဲခေါ်ကာ အပြင်ကို ထုတ်လိုက်ပါသတဲ့။

စာမျက်နှာ ၂၇ သို့➤

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၂၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၁၁၀၅ ဧက နှင့်မိုပိုင်းလွတ်မြို့တွင် ၂၇၁ ဧက စုစုပေါင်း ၁၃၇၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၇၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးထားပါတယ်" ဟု ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နေလှန်းဆားပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၇၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၇၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း နေလှန်းဆားပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေတာပေါ့။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်"ဟု ဒေးဒရဲမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၆ မှအဆက်

ဒါနဲ့သူလည်း နာမည်ကြီးတဲ့ ကမ္ဘာကျော်ရုပ်ရှင်ကားကြီးကို ပြီးအောင်ဆက်မကြည့်ရဘဲ ရုပ်ရှင်ရုံအပြင်ဘက် မောင်းထုတ်ခံခဲ့ရသတဲ့။ ဇာတ်ကားအမည်က ဟောလိဝုဒ်မှထုတ်လုပ်တဲ့ အမေရိကန်ဇာတ်ကား "တိုက်တန်းနစ်"ဆိုတာပေါ့။ ကြည့်ဖူးသူတွေ သိကြမှာပါ။ မင်းသားချော လီယိုနာဒိုဒီကာပရီယို နဲ့ မင်းသမီးကိတ်ဝင်းစလက်တို့ ပါဝင်သရုပ်ဆောင်ကြတယ်လေ။ အဆိုတော်စလင်းဒီယွန်ရဲ့ အောင်မြင်ကျော်ကြားလှတဲ့ "Whatever you are ..." အစချီတဲ့ ဇာတ်ဝင်ခန်းအချစ်အလွမ်း တေးသွားဟာလည်း လွမ်းမောကြေကွဲစရာသီချင်းတစ်ပုဒ်ပေပေါ့။

တကယ်တော့ ပြောပြနေတာမှန်စေအုံးတော့၊ ပြောနေသူပဲလွဲနေသလိုလဲ ဖြစ်တတ်တယ်။

ရိုးပြတ်လယ်ကွင်းပြင်မှာ ပိတ်ကားဖြူဖြူကြီးထောင်ပြီး ရုပ်ရှင်မင်းသားရွှေဘပါတဲ့ ဇာတ်ကားပြသနေစဉ် လူကြမ်းတွေက ရွှေဘကိုလူအင်အားနဲ့ ဝိုင်းဝန်းထိုးကြိတ်နေတာ ခံနေရပုံမကျေနပ်လို့ ပရိသတ်တချို့က ပိတ်ကားကိုခဲနဲ့ပေါက်ကြသတဲ့။ ပြသနေတာ ခဏရပ်၊ အသံချဲ့စက်နဲ့ "သည်းခံကြပါခင်ဗျာ၊ ရွှေဘက ခံရတဲ့အလှည့်ပြီးတော့မှာပါ။ ရွှေဘအနိုင်ရတဲ့အခန်း ရောက်ပါတော့မယ်ခင်ဗျ။ ခဲနဲ့မပေါက်ကြပါနဲ့၊ ပိတ်ကားပြဲရင် ဆက်မပြနိုင်ဘဲ ဖြစ်ပါလိမ့်မယ်" ဆိုမှ ပရိသတ်က လက်ခံကျေနပ်သွားသတဲ့။

လူတွေဟာ ကိုယ့်အာရုံနဲ့ကိုယ်။ ကိုယ့်ဇောနဲ့ ကိုယ်။ အယူများ၊ အသိများ၊ အစွဲများတွေနဲ့သာ ကိုယ်စီကိုယ်စီ လုံးလည်ချာလည်လိုက်နေကြတာပဲ။ အားလုံးပဲ တကယ်အရင်းစစ်ရင် ဆိုင်တာနဲ့ပိုင်တာကိုတော့ခွဲခြားပြီး အမှန်သိသင့်တယ်။ ဉာဏ်ရည်ဉာဏ်သွေးလိုပေသေးတာကိုး။ ကြိုးစားကြနော်။

"ငါမဟုတ်ဘူး။ ငါမရှိဘူး၊ ငါမပိုင်ဘူး။ ဒါက ပကတိ(ပရမတ်) အစစ်အမှန်ပဲ။ အရာရာဟာ တကယ်ကတော့ အငှားတွေသာမို့ ထားခဲ့ရမှာ။ ဘာတွေလဲ။ ခန္ဓာအငှား၊ ဆွေမျိုးအငှား၊ ပစ္စည်းအငှား၊ ရာထူးအာဏာ ပါဝါအငှား။ အဲဒါတွေအားလုံးက ဆိုင်သာဆိုင်တာ ကိုယ်မပိုင်ပါ။ အများနဲ့မဆိုင် ကိုယ်သာပိုင်တာက (သိစေချင်) လေးမျိုးရှိပါတယ်။ **ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ဝိပဿနာပညာရယ်။** ကိုယ်ပိုင်တာကို ပြုနိုင်ကြပါစေ။

# ညောင်ရွှေမြို့နယ် ကေလာကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ညောင်ရွှေ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းခြံကေလာ ကျေးရွာအုပ်စု ကေလာကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေးတက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကေလာကျေးရွာတွင် ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)စီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၃၀ ဖြင့် အစုအဖွဲ့များဖွဲ့စည်းကာ တစ်နိုင်တစ်ပိုင် လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မြဝတီမြို့နယ် သောမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၁၈**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် သောမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၇ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ သောမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိမရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ သောမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုးငွေ စုစုပေါင်း ငွေကျပ် ၄၄ ဒသမ ၈၆၃၈ သန်းရရှိနေပြီး သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဇီဝပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ**ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပိုးတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/က)၊ အကွက်အမည် **မြောက်တံခါး**ကွင်း၊ ဦးပိုင်အမှတ်(**၃၀/ကျူ**)၊ ဧရိယာ(**၀.၁၃၀**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | လမ်း |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-၃၀/ဃ |
| (ဂ) | တောင်လားသော် | - | လမ်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်-၃၀/ဒ |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးမြတ်ဘုန်းမြင့်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၁၃)၊ Grade-5 တွင် ပညာသင်ကြားနေသော မအိသဥ္ဇာကို၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်စန်းဝင်းဖြစ်ပါကြောင်း။

**ဦးတင်စန်းဝင်း(၅/စကန(နိုင်)၁၉၇၇၈၂)**

## ဖခင်အမည်မှန်

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၁)၊ အထက(ခွဲ)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်အောင်ဘုန်းပြည့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းဌေးဖြစ်ပါကြောင်း။

**ဦးသိန်းဌေး(၉/ဝတန(နိုင်)၁၅၉၆၄၇)**

## အမည်မှန်

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၁)၊ အထက(ခွဲ)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်အောင်ဖုန်းပြည့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ဘုန်းပြည့်ဖြစ်ပါကြောင်း။

**မောင်အောင်ဘုန်းပြည့်**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတိုက်တန်းနေ ဒေါ်အေးအေးခိုင် (ဘ) ဦးအုန်းမာနန္ဒာ(၉/မကန(နိုင်)၀၆၅၆၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-103368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777557237**

## အဖိုးတန်ရေချိုကို ချွေတာပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်...

❖ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များပေးနိုင်ရန်လို...

❖ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် မကွေးတပ်နယ်သို့ မကြာခဏရောက်ရှိခဲ့ပြီး အရာရှိစစ်သည်၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားများ ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၈

၁၃ ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်ထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဩစတြေးလျအမျိုးသမီးလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၁၉ ရက် (ယနေ့) ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ MRTV HD Channel မှ Live ထုတ်လွှင့်မှုကြောင့် ပုံမှန်ထုတ်လွှင့်နေသည့် ည ၈ နာရီသတင်းကို ည ၁၀ နာရီတွင် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့် အပိုင်းလိုက် နေ့ရက်များကို သတ်မှတ်ကြေညာ** စာမျက်နှာ- ၂၂

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဥသီစိုသူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်
— တောင်ကြီး
— မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
— ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
— ပုဂံ (ညောင်ဦး) - ပခုက္ကူ
— မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
— မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
— တောင်ငူ - ဆွာ - ရေနီ
— ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု